# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 6 August 2025 ၁၁၉၀၁


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက်အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံနှင့် နီကာရာဂွါသမ္မတနိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်သည့် (၅) နှစ်ပြည့် အထိမ်းအမှတ်အခါသမယတွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့

နေပြည်တော် ဩဂုတ် ၆

၂၀၂၅ ခုနှစ် ဩဂုတ်လ ၆ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နီကာရာဂွါသမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်သည့် (၅) နှစ်ပြည့် အထိမ်းအမှတ်အခါသမယတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နီကာရာဂွါသမ္မတနိုင်ငံ၊ ပူးတွဲသမ္မတများဖြစ်ကြသည့် မစ္စတာ ဒန်နီရယ် အော်တီဂါ ဆာဗေဒရာနှင့် မစ္စ ရိုဆာရီယို မူရီလို တို့သည် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

သတင်းစဉ်

## မြို့သစ်မြို့နယ်၌ နွေစပါး ဧက ၅၉၆၀ ရိတ်သိမ်းပြီးစီး

မြို့သစ် ဩဂုတ် ၅

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ နွေသီးနှံရာသီတွင် စိုက်ပျိုးခဲ့သည့် စပါးစိုက်ဧက ၅၉၆၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့သစ်မြို့နယ်၌ တောင်သူများနွေစပါးစိုက်ပျိုးရာတွင် ရေရရှိရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက နတ်မောက်ဆည်၊ ပုလင်းဆည်၊ စွန်ဆည်နှင့် ဆဒ္ဒန်ဆည်ရေလှောင်တမံတို့မှ ဆည်ရေများ လုံလောက်စွာဖြန့်ဝေပေးနိုင်ခဲ့ကြောင်း၊ နွေစပါးစိုက်ပျိုးရာတွင် တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေးနှင့် လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများ ကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် မြို့သစ်မြို့နယ်၌ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် အောင်နိုင်တိုး၊ ရတနာတိုးနှင့် ဆာဖိုးသာစပါးမျိုးများ စိုက်ပျိုးကြကြောင်း သိရသည်။

ဝင်းအိဇွန်(ပြန်/ဆက်)





ဝက်လာမြက်ဖြင့် ပြုလုပ်ထားသော တန်ဖိုးမြှင့်ထုတ်ကုန်အား အခန်းနံရံတွင် အလှဆင်ထားစဉ်။

## ဝက်လာမြက်မှ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ အာဆီယံနှင့် ပြည်ပကုန်စည်ပြပွဲများတွင် ပြသရောင်းချနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေ

ရန်ကုန် ဩဂုတ် ၅

နိုင်ငံတော်မှ MSME လုပ်ငန်းနှင့် စွန့်ဦးတီထွင်လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိရာ စွန့်ဦးတီထွင်လုပ်ငန်းများရှင် Green Banana Myanmar က သဘာဝတွင် ပေါက်ရောက်သည့် ဝက်လာမြက်မှ တန်ဖိုးမြှင့်လူသုံးကုန်ပစ္စည်းများထုတ်လုပ်၍ အာဆီယံနှင့် နိုင်ငံတကာကုန်စည်ပြပွဲများတွင် ပြသရောင်းချနိုင်ရန် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၄ ကော်လံ ၁ သို့ ◯

**ယနေ့ ဖတ်စရာ**


ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် စာမျက်နှာ » ၃

နိုင်ငံတော် ရှေ့သီးဖို့၊ ဖွံ့ဖြိုးဖို့၊ သာယာဖို့ ... ကုန်ထုတ်လုပ်မှု၊ ပညာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ဆက်စပ်စို့ ဆောင်းပါး စာမျက်နှာ » ၆

အာမခံလုပ်သားများသိစေရန် အသိပေးကြေညာခြင်း စာမျက်နှာ » ၁၁

ကြေးမုံ

# ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများ နိုင်ငံ၊ လူမျိုးဂုဏ်နှင့် မျိုးချစ်စိတ်မြင့်မား

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာကြီးမားသော နိုင်ငံဖြစ်သည်။ နှစ်ပေါင်းရာထောင်ချီ ရှည်လျားရပ်တည်ဖြစ်ထွန်းလာခဲ့သည့် သမိုင်းဝင် သာသနိက ရှေးဟောင်းအမွေအနှစ်များနှင့် သမိုင်းဝင်အဆောက်အအုံများကို မူလအခြေအနေ မပျက် ဆက်လက်ထိန်းသိမ်းမြှင့်တင်ထားခြင်းသည် နိုင်ငံတော်နှင့် လူမျိုး၏ ဂုဏ်ဒြပ်များ မြင့်မားတိုးတက်စေသည့်အပြင် နိုင်ငံသူ နိုင်ငံသားများ၊ မျိုးဆက်သစ်များအား နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်မြင့်မားတိုးတက်စေသည်။

နိုင်ငံတော်အနေဖြင့် ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များကို အစဉ်အဆက် ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတစ်ဝန်း၌ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများ အမြောက်အမြား တည်ရှိလျက်ရှိသည်။ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်လ ၄ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)၊ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)နှင့် ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တို့သို့ သွားရောက်၍ ခင်းကျင်းပြသထားမှုနှင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

မြန်မာနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သော နေအိမ်သမိုင်းပြတိုက်သည် ဗိုလ်ချုပ်အောင်ဆန်း၏ တစ်မူထူးခြားသည့်ဘဝဖြစ်စဉ်များနှင့် ရပ်တည်ရှင်သန်လှုပ်ရှားခဲ့သည့် သမိုင်းမှတ်တမ်းများကို မျက်မှောက်ကာလပြည်သူများနှင့် နောင်လာနောက်သားအဆက်ဆက်တို့ သတိတရ အမှတ်ရနေစေခြင်းသာမက လေးစားဂုဏ်ယူထိုက်သည့် သမိုင်းအထောက်အထားများကို လေ့လာကြည့်ရှု အတုယူအားကျစေနိုင်သည့်အကျိုးများ ရရှိစေနိုင်သည်။ အဆိုပါ သမိုင်းအမွေအနှစ်များကို မပျောက်မပျက် မူလအခြေအနေမပျက် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းသည် မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ရာများဖြစ်သည်။ အထူးသဖြင့် နေအိမ်ခြံဝင်းအတွင်း မအားလပ်သည့်ကြားမှ သီးပင်စားပင်များ စိုက်ပျိုးထားသည်မှာ အတုယူအားကျဖွယ်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်(ရန်ကုန်)သည် ၁၉၂၁ ခုနှစ်တွင် တည်ဆောက်ထားသောအဆောက်အအုံဖြစ်ပြီးအနောက်တိုင်းဗိသုကာလက်ရာများ ရောနှောတည်ဆောက်ထားသော သမိုင်းဝင်အဆောက်အအုံဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် မိသားစုနှင့်အတူ အဆိုပါနေအိမ်၌ ၁၉၄၅ ခုနှစ် မေလမှ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ လုပ်ကြံခံရသည့်နေ့အထိ နေထိုင်ခဲ့သည်။ အချိန်တိုကာလအတွင်း အမျိုးသားခေါင်းဆောင်ကြီး၏ သမိုင်းမှတ်တမ်းများမှာ မမေ့နိုင်စရာဖြစ်၍ လာရောက်လေ့လာကြသည့် ပြည်သူများ၏မှတ်တမ်းများကို စနစ်တကျ စာရင်းသွင်းထားရန်လိုပြီး ထူးခြားသည့် ကိန်းဂဏန်းများဖြစ်သည့် ရာပြည့်၊ ထောင်ပြည့် လာရောက်သူများအတွက် သင့်လျော်သည့် လက်ဆောင်ပစ္စည်းများ ပေးအပ်သွားရန် လမ်းညွှန်ထားသည်။

ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)သည် ကိုလိုနီခေတ် အုပ်ချုပ်ရေးယန္တရားလည်ပတ်ရာ အဆောက်အအုံကြီးတစ်ခုဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရရှိမီ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် မြန်မာနိုင်ငံအစိုးရအဖွဲ့ ရုံးစိုက်ခဲ့ပြီး အကြမ်းဖက်သမားများ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များကျဆုံးခဲ့သော ရုံးခန်းကို မူလအနေအထားမပျက် ထိန်းသိမ်းထားရှိသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ခေတ်အဆက်ဆက် အစိုးရအဖွဲ့များသည် အဆိုပါဝန်ကြီးများရုံး(အတွင်းဝန်ရုံး) အဆောက်အအုံတွင် ရုံးထိုင်လုပ်ကိုင်ခဲ့ပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့် သမိုင်းဝင် ရှေးဟောင်းအဆောက်အအုံကြီးဖြစ်သည်။

အလားတူ ကျောက်တံတားမြို့နယ်ရှိရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အဆောက်အအုံသည် ကိုလိုနီလက်ထက်မှစ၍ လွတ်လပ်ရေးရရှိပြီး အစိုးရအဆက်ဆက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်အထိ တရားရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခဲ့သော သမိုင်းဝင်အဆောက်အအုံဖြစ်သည်။ အဆိုပါအဆောက်အအုံများသည် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများဖြစ်၍ ရေရှည်တည်တံ့ခိုင်မြဲနေစေရေး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို မူလလက်ရာများအတိုင်း စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရန်နှင့် ရှေးမီနောက်မီ ပညာရှင်များနှင့် စနစ်တကျသုတေသနပြု ဆောင်ရွက်သွားကြခြင်းဖြင့် နိုင်ငံတော်နှင့် လူမျိုးအတွက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် စသည့် သမိုင်းမှတ်တမ်း အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း။ ။

## "ပြည့်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၅

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ဆင်ခြင်တုံတရားမရှိသည့် NUG၊ PDF အကြမ်းဖက်သမားများ၏ ဥပဒေမဲ့လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတစ်ခုရဲ့ လူသားအရင်းအမြစ်ဆိုတာကို နားမလည်ဘဲ ဆရာ ဆရာမတွေကို အဓိကထား ခြိမ်းခြောက်သတ်ဖြတ်နေတဲ့ တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၉) ရပ်ကွက် ဝါဆိုမှီ ဘုန်းတော်ကြီးသင်(ဘက) ပညာရေးကျောင်း၌ တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းကို ဩဂုတ် ၅ ရက်နံနက်ပိုင်းက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကင်းမြို့နယ်ဦးစီးမှူးရုံးမှ လဝကမှူးဒေါ်ဝေမာနှင့်ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

လှလှထွေး(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးကိုတင့်၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးဦးမြင့်ဦးနှင့် တာဝန်ရှိသူများက ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် စုစုပေါင်းငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ ကို ဖြူးချောင်းတံတားအနီး ဖြူးချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးစဉ်။ နေမျိုးလွင်(ပြန်/ဆက်)



## ၅ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား ၁၆.၃၂၉၃၂၅ ဂရမ်၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅ - ၈ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၁၀၀ | ၄၄၅ | ၃,၁၅၉,၅၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၃,၁၅၆ | ၁၀,၃၂၀,၆၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၃ | ၂၃,၄၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၁,၅၄၇ | ၃,၀၁၆,၇၀၀ |
| TMH | ၂,၅၅၀ | ၂,၆၀၀ | ၉၄၀ | ၂,၄၄၂,၀၀၀ |
| EFR | ၁,၆၀၀ | ၁,၆၀၀ | ၆၁၀ | ၉၇၆,၁၅၀ |
| AMATA | ၃,၃၅၀ | ၃,၅၅၀ | ၅၀၂ | ၁,၆၈၂,၁၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၂၄၁ | ၇၈၃,၂၅၀ |
| MADPL(PLB) | ၃,၀၀၀ | ၂,၉၅၀ | ၁၂၀ | ၃၅၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ယာယီသမ္မတဦးမြင့်ဆွေ၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နေပြည်တော် ဩဂုတ် ၅

ယာယီသမ္မတဦးမြင့်ဆွေသည် ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ လှုပ်ရှားရာတွင် တုံ့နှေးခြင်းနှင့် အစာအာဟာရစားသုံးနိုင်မှု အားနည်းလာခြင်းတို့ကို စတင်ခံစားခဲ့ရသည့်အတွက် အထူးကုဆရာဝန်ကြီးများပါဝင်သော အထူးဆေးကုသမှုအဖွဲ့မှ ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ခဲ့ပါသည်။ ကျန်းမာရေးစမ်းသပ်စစ်ဆေးချက်များအရ အာရုံကြောများ နှေးကွေးတုံ့ဆိုင်းသည့်ရောဂါ (Parkinson’s Disease)၊ ၎င်းနှင့်ဆက်စပ်ဖြစ်ပေါ်သော အာရုံကြောအားနည်းရောဂါတို့အား ခံစားနေရသည်ကို တွေ့ရှိရသည့်အတွက် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၅ ရက်မှ ၁၉ ရက်အထိ စင်ကာပူနိုင်ငံ Mount Elizabeth Medical Center တွင်လည်းကောင်း၊ မေလ ၂၇ ရက်နေ့မှ ဇွန်လ ၁၈ ရက်နေ့အထိ အမှတ်(၂) တပ်မတော်ဆေးရုံကြီးခုတင် (၁၀၀၀)တွင်လည်းကောင်း ဆေးကုသမှုများခံယူခဲ့ပါသည်။

ဆေးရုံဆင်းပြီးနောက် ယာယီသမ္မတ ဦးမြင့်ဆွေအား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော အထူးဆေးကုသမှုအဖွဲ့ဖြင့် ကျန်းမာရေးစစ်ဆေးကုသမှုများ ဆက်လက်ပြုလုပ်ခဲ့ပါသည်။

ယာယီသမ္မတဦးမြင့်ဆွေ၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လာခြင်းမရှိသည့်အတွက် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှစတင်၍ နေအိမ်၌ပင် ဆေးခွင့်ဖြင့် အနားယူ၍ ဆေးကုသမှု ဆက်လက်ခံယူနေခဲ့ပါသည်။

ယာယီသမ္မတ ဦးမြင့်ဆွေ သည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ကိုယ်အလေးချိန် လျော့ကျခြင်း၊ အစာကောင်းစွာ မစားနိုင်ခြင်း၊ အဖျားတက်ခြင်း၊ ဦးနှောက်နိုးကြားမှု လျော့နည်းလာခြင်းတို့ကြောင့် ဇူလိုင်လ ၂၄ ရက်နေ့တွင် အမှတ်(၂)တပ်မတော် ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ထပ်မံဆေးရုံတက်ရောက်ကုသမှုခံယူခဲ့ပါသည်။

ရောဂါစစ်ဆေးချက်များအရ ယာယီသမ္မတ ဦးမြင့်ဆွေသည် လက်ရှိအခြေအနေ၌ အထူးစိုးရိမ်ဖွယ်ရာအခြေအနေဖြစ်သောကြောင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) အထူးကြပ်မတ်ကုသဆောင်၌ အထူးကြပ်မတ်ကုသမှုခံယူလျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

## အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

အမိန့်အမှတ်၊ ၆ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

**အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ခန့်အပ်ခြင်း**

ယာယီသမ္မတနှင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီတို့အား အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်အကြံပြုနိုင်ရန်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁)၊ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းအား အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၅) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၅

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၅) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ PARKROYAL Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဦးသန်းဆွေ၊ ဒေါက်တာသီတာဦး၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာမျိုးသိန်းကျော်နှင့် ဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျား၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် အခြားသော မဲခေါင်နှင့်ဆက်စပ်သော ပူးပေါင်းဆောင်ရွက်မှုယန္တရားများအနက် အအောင်မြင်ဆုံး ယန္တရားတစ်ခုဖြစ်ကြောင်းနှင့် မဲခေါင်မြစ်ဝှမ်းတစ်လျှောက်ရှိ ပြည်သူများအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေရန် ကိုးနှစ်တာကာလအတွင်း အဖွဲ့ဝင်နိုင်ငံများက စီမံကိန်းပေါင်း ၉၈၄ ခုကို ပံ့ပိုးကူညီခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၂၀၁၇ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံသို့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ယန္တရားအောက်မှ အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၃ သန်း ထောက်ပံ့ပေးအပ်ခဲ့ပြီး ယနေ့အခမ်းအနားတွင် မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ သန်းခန့်ကို တရားဝင်လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မန္တလေး ငလျင်လှုပ်ခတ်ခဲ့သည့် ဒေသများနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အရေးပေါ်ကူညီမှုယွမ် ၁ ဒသမ ၁ ဘီလီယံအပါအဝင် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထောက်ပံ့ပေးမှုအပေါ်လည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် အိမ်နီးချင်းကောင်းများနှင့် ယုံကြည်အားထားရသော မိတ်ဖက်များကို ထိန်းသိမ်းထားရေးဟူသည့် အဖွဲ့ဝင်နိုင်ငံအားလုံး၏ ဘုံရည်မှန်းချက်ကို ဖော်ပြလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစပျိုးသည့်နေရာဖြစ်ပြီး ၂၀၁၈ ခုနှစ်မှစတင်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် စီမံကိန်းစုစုပေါင်း ၁၃၂ ခုရရှိခဲ့ရာ မဲခေါင်နိုင်ငံများအားလုံးတွင် အရေအတွက်အများဆုံးရရှိခြင်းဖြစ်ကြောင်း၊ ယနေ့ လက်မှတ်ရေးထိုးခဲ့သော စီမံကိန်း ၁၄ ခုသည် မြန်မာနိုင်ငံရှိ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်၍ အထောက်အပံ့ပြုသွားမည်ဖြစ်ကြောင်း၊

တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး တည်ထောင်ခြင်း (၇၅)နှစ်မြောက် အထိမ်းအမှတ်အနေဖြင့် တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအစဉ်နှင့် ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအစီအစဉ်တို့ကို အတူတကွ အကောင်အထည်ဖော်ရန်ဆန္ဒရှိကြောင်း၊ မြန်မာနိုင်ငံနှင့်လက်တွဲ၍ နှစ်နိုင်ငံပြည်သူများအတွက် ပိုမိုကောင်းမွန်သော အကျိုးကျေးဇူးများရရှိစေမည့် မျှဝေသော အနာဂတ်နှင့်အတူ တရုတ်-မြန်မာအသိုက်အဝန်းတည်ဆောက်ရေးကို မြှင့်တင်ရန်ဆန္ဒရှိကြောင်း ပြောကြားသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၅)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းမှုဆိုင်ရာ သဘောတူညီချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားတို့က လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

အဆိုပါသဘောတူညီချက်အရ စီမံကိန်း ၁၄ ခုကို စိုက်ပျိုးရေးနည်းပညာ၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှုဖလှယ်မှု၊ ဥပဒေဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ကုန်သွယ်ရေကြောင်းသွားလာမှု စသည့်နယ်ပယ်များ၌ မြန်မာနိုင်ငံမှ ဝန်ကြီးဌာနကိုးခုက အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ် Mr. Li Keqiang ၏စတင်အဆိုပြုချက်အရ မဲခေါင်ဒေသအတွင်း ဖွံ့ဖြိုးမှုကွာဟချက်လျော့ချရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်လျက် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်တောင်းမြစ်နှင့် သံလွင်မြစ် ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၅

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) နေပြည်တော်၏ ဘဏ်လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၅**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးဟန်ဝင်းအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၊ နေပြည်တော်နှင့် နေပြည်တော်(ဘဏ်ခွဲ)၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဘဏ်ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲတွင် ဝန်ထမ်းများ ဘဏ်လုပ်ငန်းဆောင်ရွက်နေမှု၊ ဘဏ်သို့လာရောက်သူများ၏ ငွေသွင်း/ငွေထုတ် ဆောင်ရွက်နေမှု၊ ဘဏ်ရုံးချုပ်အဆောက်အအုံနှင့် ဝင်းအတွင်းရှိ ငလျင်ဒဏ်သင့်အဆောက်အအုံများကြံ့ခိုင်မှုနှင့် လုံခြုံရေးဆောင်ရွက်ထားမှု၊ ဘဏ်ဝင်းအတွင်း ယာယီဆောက်လုပ်ပေးထားသည့် Modular House များတွင် ဝန်ထမ်းများနေထိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘဏ်ဝန်ထမ်းများနှင့်တွေ့ဆုံပြီး မြန်မာ့စီးပွားရေးဘဏ်သည် ပြည်သူများ ယုံကြည်ကိုးစားရသည့် နိုင်ငံပိုင်ဘဏ်ဖြစ်၍ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ဘဏ်လုပ်ငန်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ရေး၊ ဘဏ်ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အားလျော်စွာ ဝန်ဆောင်မှုလုပ်ငန်းများအား အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ရေး၊ အပ်ငွေများလက်ခံခြင်းနှင့် ချေးငွေများထုတ်ချေးရာတွင် သတ်မှတ်ထားသော ဘဏ်လုပ်ငန်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရေး၊ ပြည်သူများက ယုံကြည်အားထားရသည့်ဘဏ်ဖြစ်သည့်အားလျော်စွာ Core Banking စနစ် အကောင်အထည်ဖော်ရေးကဲ့သို့သော ခေတ်မီဘဏ်လုပ်ငန်းစနစ်များ ကျင့်သုံးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဘဏ်သို့လာရောက်ဆက်သွယ်ကြသူများအား ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို လွယ်ကူချောမွေ့လျင်မြန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံပိုင်ဘဏ်အပေါ် ထားရှိသည့် ပြည်သူများ၏ယုံကြည်မှုကို ပိုမိုမြင့်မားစေရေး၊ ငလျင်ဒဏ်ကြောင့် ဘဏ်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများရှိခဲ့ရာတွင် ဘဏ်များ၏ ဥပဓိရုပ်ကောင်းမွန်မှုကို ဦးစားပေးဆောင်ရွက်ရေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဘဏ်စာရင်းများကို ဘဏ်လုပ်ငန်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျရေးသွင်းဆောင်ရွက်ရေးနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘဏ်အဆောက်အအုံများကို ပြန်လည်တည်ဆောက်နိုင်ရေး ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ်၊ ဦးဆောင်ညွှန်ကြားရေးမှူးက မြန်မာ့စီးပွားရေးဘဏ်၏လက်ရှိဆောင်ရွက်နေမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘဏ်အဆောက်အအုံများကို ပြန်လည်တည်ဆောက်ရေး၊ ခေတ်မီဘဏ်လုပ်ငန်းစနစ်များဖြင့် ဘဏ်နှင့်ဆက်သွယ်သူ ပြည်သူများအား ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုဖြည့်ဆည်းပေးနိုင်အောင်ဆောင်ရွက်ရေး ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘဏ်ဝင်းအတွင်း တည်ဆောက်ထားသော ရုံးအဆောက်အအုံများ၊ ဘဏ်ပြတိုက်နှင့် ယာယီဆောက်လုပ်ပေးထားသည့် Modular House များတွင် ဝန်ထမ်းများနေထိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းနှင့် မိခိုသူမိသားစုဝင်များ ကူးစက်ရောဂါများ မဖြစ်ပွားစေရေး၊ လျှပ်စစ်မီး၊ သောက်သုံးရေနှင့် မိလ္လာစနစ်များ ကောင်းမွန်ရေး၊ အမှိုက်များကို စနစ်တကျသိမ်းဆည်းစွန့်ပစ်ရေး ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန် မှာကြားသည်။ **သတင်းစဉ်**

# EV ကဏ္ဍဖွံ့ဖြိုးရေးအတွက် အမှန်တကယ် အကျိုးပြုနိုင်သည့် EV နည်းပညာရှင်များဖြစ်စေရေးအတွက် သင်တန်းချိန်များကို တန်ဖိုးထား၍ ကြိုးစားလေ့ကျင့်ကြရန် လိုအပ်

**နေပြည်တော် ဩဂုတ် ၅**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့နံနက်ပိုင်းတွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာအတတ်သင်ကောလိပ် (TTTC ဘယ်လင်း)တွင် ကျင်းပသည့် EV Mechanics သင်တန်း (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။




အခမ်းအနားသို့ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးက နိုင်ငံတွင် EV သုံးစွဲမှု မြင့်တက်လာရာ ပြည်သူများ EV ဘေးအန္တရာယ်ကင်းရှင်းစွာ သက်တမ်းပြည့်သုံးစွဲနိုင်ရေးအတွက် သင်တန်းသားများသည် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်သည် အထိ လေ့ကျင့်သင်ကြားကြရန်၊ EV ကဏ္ဍဖွံ့ဖြိုးရေးအတွက် အမှန်တကယ် အကျိုးပြုနိုင်သည့် EV နည်းပညာရှင်များ ဖြစ်စေရေးအတွက် သင်တန်းချိန်များကို တန်ဖိုးထား၍ ကြိုးစားလေ့ကျင့်ကြရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

သင်တန်းတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ UNR 100၊ ဗို့အားမြင့် မောင်းနှင်ခြင်းစနစ်၊ ဘက်ထရီနည်းပညာ၊ ထိန်းချုပ်စနစ်၊ Special Hand Tools ကိုင်တွယ်အသုံးပြုပုံ၊ ပြစ်ချက်ပြဿနာရှာဖွေခြင်းနှင့် စမ်းသပ်ခြင်း၊ Traction Battery ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်း၊ Electrical Power Train စနစ် ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်းဆိုင်ရာ လက်တွေ့လုပ်ငန်းများကို အဆင့်မြင့်သင်ထောက်ကူ မော်ကျူးများ အသုံးပြုကာ စက်ပြင်ဆရာ (မက္ကင်းနစ်များ)၏ နည်းပညာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် သိသင့်သော EV နည်းပညာများ၊ မဖြစ်မနေလေ့ကျင့်သင့်သော လက်တွေ့လုပ်ငန်းများဖြင့် လက်တွေ့ကျကျ တတ်မြောက်သင့်သည့် လက်တွေ့လုပ်ငန်းများကို သင်တန်းကာလ ငါးရက်၊ သင်တန်းချိန်နာရီ ၃၀ ဖြင့် လေ့ကျင့်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ **ရှေ့ဖုံးမှ**

ထိုင်းနိုင်ငံ၌ ဧပြီ ၁ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သည့် 2025 Style Bangkok နိုင်ငံတကာ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ စွန့်ဦးတီထွင်သူ လေးဦးပါဝင်ပြသခဲ့ပြီး ပြည်ပနိုင်ငံများက မြန်မာနိုင်ငံမှ ကြိမ်၊ ဝါး၊ ဗေဒါနှင့် ငှက်ပျောလျှော်မှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများကို အထူးနှစ်ခြိုက် အားပေးခဲ့ကြသည်။ အထူးသဖြင့် ငှက်ပျောလျှော်မှ ထုတ်လုပ်သော အဝတ်အထည်၊ ဖျာ၊ အိတ်နှင့်လူသုံးကုန်ပစ္စည်းများကို အထူးနှစ်ခြိုက်အားပေးခဲ့ကြသည်။ ထိုင်းနိုင်ငံမှ ငှက်ပျောလျှော်ကုန်ကြမ်းကိုဝယ်ယူမည့် ကမ်းလှမ်းမှုကိုရရှိခဲ့သော်လည်း လက်ရှိထုတ်လုပ်မှုမှ တန်ဖိုးမြှင့်ထုတ်ကုန်များကို ဆက်လက်ထုတ်လုပ်၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့်ကုန်ပစ္စည်းများကို ပြသရောင်းချနိုင်ရန် ကြိုးပမ်းမှုအဖြစ် ကုန်ကြမ်းရောင်းချမည့်အစီအစဉ်ကို လက်မခံခဲ့ကြောင်း Green Banana Myanmar မှ သိရသည်။

"မြန်မာနိုင်ငံမှ စွန့်ဦးတီထွင်လုပ်ငန်းရှင် လေးဦးက ထိုင်းနိုင်ငံမှာ ကျင်းပခဲ့တဲ့ 2025 Style Bangkok နိုင်ငံတကာကုန်စည်ပြပွဲမှာ အတွေ့အကြုံတွေများစွာ ရရှိခဲ့ပါတယ်။ ကိုယ်ထုတ်လုပ်တဲ့ပစ္စည်းက မိမိနိုင်ငံမှာထုတ်လုပ်ရာမှာ ကျေနပ်မှုရှိပေမယ့် နိုင်ငံတကာနဲ့ ယှဉ်လိုက်တဲ့အခါ ဘယ်လိုဆက်ပြီး လုပ်ရမယ်ဆိုတာ သိလာတယ်။ ပြည်ပမှာ သဘာဝကုန်ကြမ်းကနေ လူသုံးကုန်ထုတ်လုပ်ဖို့ ပညာရှင်တွေ၊ ကျောင်းတွေ၊ ဌာနတွေရှိတာက အားသာချက်တစ်ခုဖြစ်ပါတယ်။ ထိုင်းနိုင်ငံကုန်စည်ပြပွဲမှာ မြန်မာနိုင်ငံက ငှက်ပျောချည်ကို သဘောကျပြီး ဝယ်ယူတာရှိပေမယ့် ကုန်ကြမ်းကိုရောင်းလိုက်ရင် နိုင်ငံရဲ့ပုံရိပ်နဲ့ တီထွင်ထားမှုပုံရိပ် ပျောက်သွားနိုင်တဲ့အတွက် ငြင်းခဲ့ပါတယ်။ ပြပွဲမှာ ဝက်လာမြက်ကနေ လူသုံးကုန်ထုတ်လုပ်မှုကို တွေ့ခဲ့တာကြောင့် မြန်မာနိုင်ငံမှာ ကုန်ကြမ်းပေါများတဲ့ ဝက်လာမြက်ကနေ လူသုံးကုန်ပစ္စည်းထုတ်လုပ်ဖို့ လေ့လာစမ်းသပ်မှုတွေလုပ်ဆောင်ပြီး ကြိမ်နဲ့အခြားထုတ်ကုန်အစားထိုးအဖြစ် လူသုံးကုန်ပစ္စည်းတွေ ထုတ်လုပ်ဖို့ စမ်းသပ်နေပါတယ်" ဟု Green Banana Myanmar တည်ထောင်သူ ဦးမြင့်သိန်းက ပြောသည်။

ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် နိုင်ငံတကာ ကုန်စည်ပြပွဲတွင် ရန်ကုန်မှ Green Banana Myanmar၊ ပုဂံမှ ဦးဘငြိမ်းနှင့်သားများ ယွန်းထည်လုပ်ငန်း၊ နေပြည်တော်မှ Bambar နှင့် အင်းလေးမှ Pounamu ဝါးလုပ်ငန်းတို့ ပြသခဲ့သည်။ မြန်မာနိုင်ငံတွင် သုံးမြောင့်မြက်ဟုခေါ်သည့် ဝက်လာမြက်မှ လူသုံးကုန်ပစ္စည်းများကို ဩဂုတ်လတွင် ထုတ်လုပ်ချပြနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ထိုင်းနိုင်ငံ၌ နည်းပညာနှင့် ငွေကြေးထောက်ပံ့မှုဖြင့် ဝက်လာမြက်မှ အိမ်တွင်းအလှဆင်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ အောင်မြင်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီးတွင် ဝက်လာမြက်မှ လူသုံးကုန်ပစ္စည်းအချို့ ထုတ်လုပ်သော်လည်း နည်းပညာလိုအပ်မှုဖြင့် ရိုးရာထုတ်လုပ်မှုမှ တန်ဖိုးမြှင့်အဆင့်သို့ တက်လှမ်းနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။



အဝတ်အထည်နှင့် လူသုံးကုန်တန်ဖိုးမြှင့်ပစ္စည်းထုတ်လုပ်မည့် ဝက်လာမြက်ကို တွေ့ရစဉ်။

သုံးမြောင်မြက်ဟုခေါ်ဆိုသည့် ဝက်လာမြက်ကို ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့တွင် အလေ့ကျပေါက်ရောက်လျက်ရှိပြီး ဝက်လာမြက်မှ အိမ်တွင်းအလှဆင်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်၍ ပြည်ပနိုင်ငံ ကုန်စည်ပြပွဲများတွင် ပြသရောင်းချနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။ **ကိုကိုလွင်(ဥသာ)**

## ပြင်ဆင်ဖြည့်စွက် ဖတ်ရှုပေးနိုင်ပါရန်

ဩဂုတ် ၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ ရှေ့ဖုံးပါ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည့်သတင်း၌ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မှာကြားသည့်နေရာ၌ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက်ရှိ **လမ်းနယ် ပေ ၄၀၀ အတွင်း** အမြဲစိမ်းသစ်ပင်များစိုက်ပျိုးသွားရန်လိုကြောင်း၊ လမ်းနယ်အတွင်း လေကာပင်များကို **လမ်းနယ်အတွင်း ၁၀ ပေခြား၍** ၂ တန်း (သို့မဟုတ်) ၃ တန်း စိုက်ပျိုးသွားရန်လိုကြောင်း၊ အလားတူ လမ်းဘေးဝဲယာရှိ သစ်တောကြိုးဝိုင်းကြိုပြင်တောများနှင့် **မြေလွတ်မြေရိုင်းနေရာများတွင်**လည်း ယခုနှစ် မိုးရာသီအတွင်း သစ်ပင်များစိုက်ပျိုးသွားရန်နှင့် ၅ ဧက/၁၀ ဧကခန့်ရှိသော သစ်တောငယ်များ ထူထောင်စိုက်ပျိုးသွားရန်လိုကြောင်းဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပေးနိုင်ပါရန်။

## ဖြည့်စွက် ဖတ်ရှုပေးနိုင်ပါရန်

ဩဂုတ် ၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၄ ပါ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တို့သို့သွားရောက်၍ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးသည့်သတင်းတွင်ပါရှိသည့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မှာကြားသည့်စာသား၌ **ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား ပွင့်လင်းရာသီရောက်ရှိပါက ပြည်တွင်း၊ ပြည်ပခရီးသွားများ အဆင့်မီမီလာရောက်လေ့လာနိုင်ရေး အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်းဖြင့်** မှာကြားမှုနှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မှာကြားသည့်စာသား၌ **ရန်ကုန်မြို့ရှိ ကိုလိုနီခေတ် ရှေးဟောင်းအဆောက်အဦများကိုလည်း ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့်နေရာများဖြစ်စေရေးအတွက် ရှေးမူလလက်ရာများအတိုင်း ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့်** လမ်းညွှန်မှာကြားခဲ့သည်ကို ဖြည့်စွက်ဖတ်ရှုပေးနိုင်ပါရန်။

# ဝဇီရာရုပ်ရှင်ရုံအဆင့်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီဂုဏ်ပြုခံကဇာတ်ရုံ(Red Carpet Theatre) အဖြစ် အဆင့်မြှင့်တင် ပြင်ဆင်ထိန်းသိမ်းသွားမည်

**နေပြည်တော် ဩဂုတ် ၅**

ရန်ကုန်မြို့ရှိ ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝဇီရာရုပ်ရှင်ရုံ၏ မူလအမည်သည် အိတ်ဆယ်စီယာ(Excelsior)ဖြစ်ပြီး ဂျပန်ခေတ်တွင် "ရန်ကုန်ရုပ်ရှင်ရုံ"ဟု အမည်ပြောင်းလဲပြသခဲ့ပါကြောင်း၊ ၁၉၆၈ ခုနှစ်တွင် ပြည်သူပိုင်သိမ်းပြီး ဝဇီရာရုပ်ရှင်ရုံအမည်ဖြစ်လာခဲ့ပါကြောင်း၊ ဝဇီရာရုပ်ရုံ၏ မူလဗိသုကာလက်ရာသည် ၁၉ ရာစုမှ ၁၈ ရာစုအတွင်းရှိ ပြင်သစ်ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာ ပုံစံဖြစ်ပြီး ရုပ်လုံးရုပ်ကြွများဖြင့် တန်ဆာဆင်ထားပါကြောင်း။



ယခု ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံ(Red Carpet Theatre) အဖြစ် အဆင့်မြှင့်တင် ပြင်ဆင်ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း၊ ဝဇီရာရုပ်ရှင်ရုံကို အဆင့်မြှင့်တင်ရာတွင် မူလဗိသုကာပုံစံမပျက် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ခမ်းနားထည်ဝါရန်လည်း လိုအပ်ပါကြောင်း၊ လေအေးပေးစနစ်၊ မီးစနစ်၊ ပြသမှုစနစ်များကို ခေတ်မီအောင်ဆောင်ရွက်ပြီး မူလဒီဇိုင်းကို ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ပုံရိပ်ကိုပြသမည့် အဆောက်အအုံဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ပြီး ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဝဇီရာရုပ်ရှင်ရုံကို ရုပ်ရှင်ရုံသာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းကျောင်း၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာရုပ်ရှင်ပွဲတော်များ၊ ရုပ်ရှင်နှင့်ပတ်သက်သည့် အမှတ်တရပွဲများ၊ Memory Film Festival ကဲ့သို့ ပွဲတော်များလည်း ကျင်းပနိုင်မည်ဖြစ်သည့်အတွက် အဆင့်မြှင့်တင်ရာတွင် အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီရုပ်ရှင်ရုံအဖြစ် အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝဇီရာရုပ်ရှင်ရုံ၏နောက်ခံသမိုင်းကြောင်း၊ ဗိသုကာဆိုင်ရာထူးခြားမှု၊ ဝဇီရာဂုဏ်ပြုခံကဇာတ်ရုံတွင် ဆောင်ရွက်မည့်လုပ်ငန်းများ၊ အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်များနှင့် ရရှိလာနိုင်မည့် အကျိုးရလဒ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့် အဆောက်အအုံပြုပြင်မွမ်းမံခြင်း၊ ဗိသုကာဆိုင်ရာနည်းပညာများ၊ အသံစနစ်ပိုင်းဆိုင်ရာ ပြုပြင်မှု၊ ရုပ်ရှင်ပြသမှုစနစ်၊ ပြဇာတ်အဆင်အပြင်၊ အဆင့်မြှင့်ထိုင်ခုံများလဲလှယ်ခြင်း၊ ယာဉ်ရပ်နားရန်နေရာများ၊ လူသွားစင်္ကြံများ စနစ်တကျဖြစ်စေရေး စသည်တို့နှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ

## တစ်သက်တာစာပေဆုကိုဆရာမကြီး ဒေါက်တာခင်သန်းဦး(မမိုးမြေ)ရရှိ

**ရန်ကုန် ဩဂုတ် ၅**

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာ (၃၁)ကြိမ်မြောက်အတွက် ပခုက္ကူစာပေဆုရရှိသူများ၏အမည်စာရင်းကို ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီက ယနေ့ထုတ်ပြန်ကြေညာခဲ့ရာ ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုကို ဆရာမကြီး ဒေါက်တာခင်သန်းဦး(မမိုးမြေ)ရရှိသည်။

ဝတ္ထုရှည်ဆုတွင် ဒုတိယဆုကို မောင်နေခြည်(ပြည်) ရေးသားသည့် "ကိုယ်ချင်းစာနိုင်ကြပါစေ" စာမူကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို ညိမ်းညိုရေးသားသည့် "မခန်းသောမြစ်နှင့် အခြားဝတ္ထုတိုများ"၊ ဒုတိယဆုကို သက်ဦးခင်ရေးသားသည့် "အရုဏ်ဦးမှာ ကြည်နူးစွာနှင့် အခြားဝတ္ထုတိုများ"၊ တတိယဆုကို မေလတ်ဟန်ရေးသားသည့် "ကျောင်းဆရာမလေးဖြစ်ချင်တယ်နှင့် အခြားဝတ္ထုတိုများ" စာမူတို့ကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို နေခြည်မောင်(မြောင်းမြ)ရေးသားသည့် "နေခြည်ဝင်းပအလင်းတစ်စ အလှကဗျာများ"၊ ဒုတိယဆုကို ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)ရေးသားသည့် "နံနက်ခင်းရဲ့ ပန်းလက်ဆောင်ကဗျာများ"၊ တတိယဆုကို ကိုလေးပြည့် ရေးသားသည့် "ကောက်စိုက်သမ ကွမ်းတောင်ကိုင်နှင့် အခြားကဗျာများ" စာမူတို့ကလည်းကောင်း၊ ကျမ်းစာပေဆုတွင် ဒုတိယဆုကို ခင်ဇ(စက်မှု)ရေးသားသည့် "ခေတ်ဟောင်း မြန်မာ့တေးဂီတအနုပညာဖြင့် တိုင်းပြည်ကိုအလှဆင်ခဲ့ကြသူများ"၊ တတိယဆုကို ဦးဝင်းမြင့်မောင် (လင်းအရုဏ်ဦး)ရေးသားသည့် "ပလ္လင်ရှစ်ခန်း ရွှေနန်းကိုးဆောင်" စာမူတို့ကလည်းကောင်း၊ သုတေသနစာပေဆုတွင် ပထမဆုကို အောင်ကြည်ညွန့်(တက္ကသိုလ်)ရေးသားသည့် "မြန်မာနိုင်ငံ၏ လူထုပညာရေးကြိုးပမ်းဆောင်ရွက်မှုသမိုင်းကို လေ့လာတင်ပြခြင်း (၁၉၄၈-၂၀၀၂)"၊ ဒုတိယဆုကို မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)ရေးသားသည့် "မြန်မာ့ထင်ရှားကျော်ကြား ပုဂံဥမင်များ"၊ တတိယဆုကို ဌေးကျော်(မဟာဝိဇ္ဇာ)ရေးသားသည့် "နှစ်(၁၀၀)ပြည့်ထောက်ကြံ့အမျိုးသားကျောင်းသမိုင်း(၁၉၂၅-၂၀၂၅)" စာမူတို့ကလည်းကောင်းရရှိကြသည်။

(၃၁)ကြိမ်မြောက် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆုကို နန္ဒာမွန်းရေးသားသည့် "သတင်းစာထဲကဆောင်းပါးများ ဆောင်းပါးထဲကသတင်းများ"စာအုပ်နှင့် ဦးခွန်မောင်တုတ်ရေးသားသည့် "ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီ၏ နိုင်ငံရေးခရီး" စာအုပ်တို့က ရရှိကြသည်။

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူပညာသင်ဆုကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ မောင်သုခန့်အောင် (ပထမနှစ်-ဂီတပညာဌာန)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မစောပြည့်ပြည့်ထွန်း(ပထမနှစ်-ဂီတပညာဌာန)တို့က ရရှိကြသည်။

ပခုက္ကူဦးအုံးဖေတစ်သက်တာဆုကို ယခင် ၁၀ သိန်းချီးမြှင့်ရာမှ ယခုနှစ်တွင် ၁၅ သိန်းတိုးမြှင့်ချီးမြှင့်မည်ဖြစ်ပြီး ပခုက္ကူဦးအုံးဖေစာမူဆု ပထမဆုကို ယခင် ခုနစ်သိန်းမှ ယခု ၁၀ သိန်း၊ ဒုတိယဆုကို ယခင် ငါးသိန်းမှ ယခု ခုနစ်သိန်း၊ တတိယဆုကို ယခင် လေးသိန်းမှယခု ငါးသိန်း အသီးသီးတိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူစာပေဆု ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ စာတည်းမှူးချုပ် ၀၁-၈၃၈၀၄၅၀ နှင့် စီမံရေးရာဌာန ၀၁-၈၃၈၀၄၄၉ သို့ ဆက်သွယ်ကြရန်နှင့် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုချီးမြှင့်ပွဲအခမ်းအနားတွင် စာကြည့်တိုက်စာအုပ်ဆုပါ ချီးမြှင့်သွားမည်ဖြစ်ပြီး ကျင်းပမည့်အချိန်၊ နေရာ၊ ရက်တို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော် ရှေ့သီးဖို့၊ ဖွံ့ဖြိုးဖို့၊ သာယာဖို့ …
# ကုန်ထုတ်လုပ်မှု၊ ပညာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ဆက်စပ်စို့

မိုးမြင့်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံ့ကုန်ထုတ်စွမ်းအားကိုမြှင့်တင်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်အောင် စွမ်းဆောင်နိုင်မှသာ ဖြစ်နိုင်ပါမည်။ နိုင်ငံတိုးတက်မှုကို ရှာလိုလျှင် ပညာရေးကဏ္ဍကို လုံးဝဖယ်ထား၍မရ။ နိုင်ငံကို တိုးတက်မှုလမ်းကြောင်းမှ ဖယ်ခွာစေသည့် အတားအဆီးများစွာ၊ ကုန်ထုတ်စွမ်းအားကို အဟန့်အတားဖြစ်စေသည့် အကြောင်းတရားများစွာ ရှိနေပါသည်။ ထိုအထဲမှ သဘာဝပတ်ဝန်းကျင်ကို ကောင်းစွာမထိန်းသိမ်းနိုင်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုသို့ ကုန်ထုတ်လုပ်မှု၊ ပညာရေးနှင့် သဘာဝပတ်ဝန်းကျင်အဆက်အစပ်တစ်ခုကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးခေါင်းစဉ်အောက်မှ ဒုတိယစာမျက်နှာသစ်တစ်ခု၏ Slogan တစ်ခုနှင့်အတူ ပြောင်းလဲဖွင့်လှစ်လာသည်ကို တွေ့မြင်ရသည့်အခါ……။

### အမျိုးသားအကျိုးစီးပွားကို ထင်ဟပ်သည့်တိုက်တွန်းမှုများ

ကြွေးကြော်သံအဖြစ်လည်း ယူ၍ရသည်။ တိုက်တွန်းလှုံ့ဆော်ချက်များ၊ မျှော်မှန်းချက်များ ပါနေသည်ကိုလည်း သတိပြုမိသည်။ **“နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့”**၊ **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”**၊ **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့”** ဟူသော ဆောင်ပုဒ်များမှာ လှုံ့ဆော်တိုက်တွန်းမှု၊ လမ်းညွှန်ချက်နှင့် မျှော်မှန်းချက်များ ပါနေသည်ကို သတိပြုမိသည်။

အခြေအနေအချိန်အခါအရလည်း မှန်ပါသည်။ ဖြစ်လည်းဖြစ်သင့်သည်။ တိုးတက်မှုများ ရှိနေသော်လည်း လိုအပ်ချက်များ ရှိနေဆဲကို လှစ်ပြနေသည်။ နိုင်ငံအနေဖြင့် သာမန်မဟုတ်သည့် အခြေအနေများအောက်တွင် ဖိအားများ၊ အခက်အခဲအကျပ်အတည်းများစွာနှင့် ရုန်းကန်ရင်ဆိုင်ခဲ့ရသည်။ အားနည်းချက်များကို သင်ခန်းစာယူ၍ တိုးတက်မှုအောင်မြင်မှုများဆုပ်ကိုင်ကာ ဒုတိယအဆင့် Second phaseသို့ တစ်ဆင့်လှမ်းချီတက်နေသည်။ အကောင်းဆုံးဖြစ်အောင် ဆုံးဖြတ်လုပ်ကိုင်ခဲ့ကြပြီး လုပ်ငန်းများပုံမှန်ယန္တရားဖြင့် လည်ပတ်နေပြီဖြစ်၍လည်း တည်ငြိမ်မှုလမ်းကြောင်းမှာ ရပ်တည်နိုင်ခြင်းဖြစ်သည်။

ဒုတိယစာမျက်နှာ၏ ဦးတည်ချက် ၄ ရပ်တွင် ပါတီစုံဒီမိုကရေစီစနစ် အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး အကြောင်းကောင်းများ ဖန်တီးပေးရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးအခြေခံသည့် စက်မှုကဏ္ဍနှင့် ပညာရေးနှင့်ကျန်းမာရေးတို့ကို အထူးအလေးပေးထားသည်ကိုတွေ့ရသည်။ နိုင်ငံအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်အောက်တွင် နိုင်ငံရေးစနစ်တည်ငြိမ်မှုနှင့် စီးပွားရေးကောင်းမွန်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝများကောင်းမွန်ရန် လိုအပ်သည်ဆိုသောအချက်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည့် ဦးတည်ချက်ကောင်းများအဖြစ် မြင်မိပါသည်။

သို့သော် မြန်မာနိုင်ငံ၌ ကမ္ဘာ့နိုင်ငံအများစု စိန်ခေါ်ချက်များနည်းတူ ကိုဗစ်၊ မိုခါ၊ ရာဂီ၊ မန္တလေး ငလျင်ဆိုသော ကပ်ဘေးဆိုးကြီးများကို ဆိုးဆိုးရွားရွားရင်ဆိုင်ခဲ့ရ၍ ဖွံ့ဖြိုးမှုလမ်းကြောင်းမှာ အတိုင်းအတာတစ်ခုအထိ နှောင့်နှေးနေရသည်ကိုလည်း သတိပြုရန်လိုပါသည်။ သဘာဝဘေးကြီးများ ဖြစ်ပေါ်ရသည့် အကြောင်းတရားများစွာအနက် အချို့ကာကွယ်နိုင်သည်များကို ကာကွယ်ရန် လိုအပ်သည်။ ထို့ကြောင့် ကျွန်တော်တို့၏ သဘာဝပတ်ဝန်းကျင်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်ကို ထပ်ဆင့်၍ ရေတို၊ ရေရှည် မျှော်မှန်းချက်များအဖြစ် ပုံဖော်ထားသည်ကို မြင်နိုင်ပါသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှု၊ ပညာရေးနှင့် သဘာဝပတ်ဝန်းကျင်ဟူသော ထိုအချက်သုံးချက်ကို တစ်မျိုးသားလုံး၏ အမျိုးသားရေးကြွေးကြော်သံ၊ အမျိုးသားအကျိုးစီးပွားကို ထင်ဟပ်သည့် တိုက်တွန်းချက်များအဖြစ် ယူဆမိပါသည်။

> **“မြန်မာနိုင်ငံ၌ ကမ္ဘာ့နိုင်ငံအများစု စိန်ခေါ်ချက်များနည်းတူ ကိုဗစ်၊ မိုခါ၊ ရာဂီ၊ မန္တလေး ငလျင်ဆိုသော ကပ်ဘေးဆိုးကြီးများကို ဆိုးဆိုးရွားရွားရင်ဆိုင်ခဲ့ရ၍ ဖွံ့ဖြိုးမှုလမ်းကြောင်းမှာ အတိုင်းအတာတစ်ခုအထိ နှောင့်နှေးနေရသည်ကိုလည်း သတိပြုရန်လိုပါသည်။ သဘာဝဘေးကြီးများ ဖြစ်ပေါ်ရသည့် အကြောင်းတရားများစွာအနက် အချို့ကာကွယ်နိုင်သည်များကို ကာကွယ်ရန် လိုအပ်သည်။ ထို့ကြောင့် ကျွန်တော်တို့၏ သဘာဝပတ်ဝန်းကျင်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်ကို ထပ်ဆင့်၍ ရေတို၊ ရေရှည်မျှော်မှန်းချက်များအဖြစ် ပုံဖော်ထားသည်ကို မြင်နိုင်ပါသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှု၊ ပညာရေးနှင့် သဘာဝပတ်ဝန်းကျင်ဟူသော ထိုအချက်သုံးချက်ကို တစ်မျိုးသားလုံး၏ အမျိုးသားရေးကြွေးကြော်သံ၊ အမျိုးသားအကျိုးစီးပွားကို ထင်ဟပ်သည့် တိုက်တွန်းချက်များအဖြစ် ယူဆမိ”**

### မြေကြီးမှရှေ့သီးမည်အမှန်မှာ

ဖွံ့ဖြိုးမှုလမ်းကြောင်းတွင် ရပ်တည်နိုင်ရေးအတွက် စီးပွားရေးကောင်းမွန်ပြီး နိုင်ငံရေးတည်ငြိမ်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ စီးပွားရေးသည် စိုက်ပျိုးမွေးမြူရေးအပေါ်တွင် အခြေခံသည်။ စိုက်ပျိုးမွေးမြူရေး၏ အဓိက လူ့စွမ်းအားအရင်းအမြစ်မှာ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးအခြေခံကုန်ထုတ်လုပ်ငန်းများကို အားပေးခြင်းသည် သူတို့၏ လူမှုစီးပွားဘဝများကို မြှင့်တင်ရာရောက်သည့်အပြင် ဆင်းရဲမွဲတေမှုနှုန်းကိုလည်း လျှော့ချရာ ရောက်ပါသည်။

စပါးနှင့် ဆီထွက်သီးနှံအပြင် ဒေသနှင့် ကိုက်ညီပြီး အကျိုးအမြတ် သေချာခိုင်မာသည့် ဂျုံ၊ ဝါ နှင့် ဝါးကိုပါ တိုးချဲ့စိုက်ပျိုးရန် တွန်းအားပေးလာသည်ကို တွေ့ရသည်။ အမှန်တကယ်လည်း ဂျုံစားသုံးခြင်း အထူးသဖြင့် ဂျုံကြမ်း၊ ဂျုံညိုနှင့် ဂလူတန်မပါသော ဂျုံမှုန့်နှင့်လုပ်ထားသည့်မုန့်များက ဆန်ထက်ပို၍ အာဟာရလည်းပြည့်ဝသလို ကျန်းမာရေးအတွက်လည်း သင့်တော်သည်ဟုဆိုပါသည်။ ဝါကို စိုက်ပျိုးဧကတိုးချဲ့ပြီး ပန်းတိုင်အထွက်နှုန်းထွက်အောင် စိုက်ပျိုးခြင်းဖြင့် ဝါအခြေခံအထည်အလိပ်၊ ချည်ထည်ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်လာနိုင်မည်ဖြစ်သည်။

ထို့ပြင် ရွှေစိမ်းဟုပင် တင်စားလောက်သည့် ဝါးကို တိုးမြှင့်စိုက်ပျိုးခြင်းဖြင့်လည်း ဝါးအခြေခံလက်မှုပစ္စည်း၊ ပရိဘောဂ၊ မျှစ်ချဉ်၊ မျှစ်ခြောက်မှသည် ပြည်ပဈေးကွက်ဝင် တန်ဖိုးမြှင့်ပစ္စည်းများအထိပါ တိုးတက်ထုတ်လုပ်လာနိုင်မည်ဖြစ်သည်။ အဓိက ဝါးကို တိုးချဲ့စိုက်ခြင်းဖြင့် ပြည်တွင်းစက္ကူလိုအပ်ချက်မှသည် ပြည်တွင်းဖူလုံမှုအခြေအနေသို့ ရောက်ရှိရေးဖြစ်သည်။ စိုက်ပျိုးရေးကို တွန်းအားပေးသကဲ့သို့ မွေးမြူရေးကိုလည်း အားပေးဆောင်ရွက်နေသည်များ ရှိသည်။ အထူးသဖြင့် နိုင်ငံရေမြေသဘာဝနှင့်ကိုက်ညီသည့် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးများ တိုးချဲ့မွေးမြူခြင်းဖြင့် ပြည်တွင်းဖူလုံမှုအပြင် ပြည်ပဝင်ငွေတိုးတက်ရရှိရေးအတွက်ပါ အခြေအနေကောင်းများ ဖန်တီးပေးရန်ဖြစ်ပါသည်။

သို့သော် နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ထိထိရောက်ရောက် တိုးတက်စေချင်လျှင် အချို့သော အခြေအနေများကို အမြဲဆန်းစစ်နေရမည်ကို သတိပြုသင့်ပါသည်။ အထူးသဖြင့် စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုး စသည်တို့၏ လိုအပ်ချက်နှင့် သုံးစွဲမှုကို ဆန်းစစ်၍ လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအပြင် သွင်းအားစုဈေးနှုန်းများကိုပါ ထိန်းညှိပေးနိုင်ရန်ဖြစ်ပါသည်။

လယ်ယာသုံးစက်ပစ္စည်းများကို လိုအပ်သည့် တောင်သူများ လက်လှမ်းမီရရှိနိုင်ရေးလည်း ပါဝင်သည်။ ထို့ပြင် နိုင်ငံအလယ်ပိုင်းဒေသများတွင် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးကလည်း အရေးကြီးသည့်အပြင် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးနည်းစနစ်များရရှိရန်နှင့် တောင်သူများအနေဖြင့် ဓာတုဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများကို စနစ်တကျ သုံးစွဲတတ်ရန်လည်း လိုပြန်သည်။ နောက်ဆုံးတွင် တောင်သူများ စိုက်ပျိုးထုတ်လုပ်လိုက်သည့် သီးနှံများဈေးကောင်းရရှိရေးပင်ဖြစ်သည်။ မွေးမြူရေးအပိုင်းတွင်လည်း တောင်သူများ လက်လှမ်းမီ မွေးမြူနိုင်ရေးမှသည် အသား၊ နို့၊ ဥများ ပိုမိုထွက်ရှိနိုင်ရေး ခေတ်မီနည်းပညာဆန်းသစ်မှုများနှင့် လုပ်သားအင်အားနှင့် သွင်းအားစုများအခြေအနေအပေါ်မူတည်၍ လိုအပ်ပါက ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လာနိုင်ပါသည်။ အနှစ်သာရမှာ ဖူလုံမှုမှသည် ပြည်ပပို့ကုန်အဖြစ်၊ အရေအတွက်မှသည် အရည်အသွေးဆီ၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမှ ပြည်ပရောင်းကုန်အဖြစ်သို့၊ လိုငွေမှသည်ပိုငွေသို့ ရောက်ရှိလာရန်ဖြစ်ပြီး သို့မှသာ မြေကြီးမှ ရှေ့သီးသည့်အဖြစ်သို့ အမှန်ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

### နိုင်ငံ့ဖွံ့ဖြိုးရေးကို ပညာရေးက ဘယ်လိုမောင်းနှင်နေပါသလဲ

နောက်ထပ်မျှော်မှန်းချက်တစ်ခုမှာ ပညာရေးနှင့်စီးပွားရေးဆက်စပ်နေမှုကြောင့် ပညာရေးကို မြှင့်တင်ပြီး နိုင်ငံဖွံ့ဖြိုးအောင် ဆက်လက်ဆောင်ရွက်နေရန်ဖြစ်သည်။ ပညာရေးကဏ္ဍသည် ကုန်ထုတ်လုပ်မှုအခြေခံအုတ်မြစ်ဖြစ်သည့် လုပ်ငန်းကျွမ်းကျင်မှု၊ ဗဟုသုတနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ပေးသည့်အတွက် တိုင်းပြည်၏ စီးပွားရေးမောင်းနှင်အားများထဲတွင် ပညာရေးကို မထည့်သွင်း၍ မရပါ။ ပညာရေးသည် ကုန်ထုတ်လုပ်မှုအပေါ် များစွာသက်ရောက်မှုရှိပါသည်။ စွမ်းဆောင်ရည် (Efficiency) ပြည့်ဝပြီး အလိုက်သင့်ပြောင်းလဲနိုင်စွမ်း (Adaptability) နှင့် တီထွင်ဆန်းသစ်မှု (Innovation) အရည်အချင်းများသည် ပညာပြည့်ဝမှုအပေါ် မူတည်သည်ကို တောင်ကိုရီးယားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကို မြင်ကြည့်၍ရသည်။ စီးပွားရေးတိုးတက်သည့် နိုင်ငံများတွင် အဆင့်မြင့်ပညာရေးနှင့် အနာဂတ်အလုပ်ခွင်အတွက် တိုက်ရိုက်နှင့်လက်တွေ့အသုံးချနိုင်သည့် အခြေခံ အသက်မွေးဝမ်းကျောင်းပညာရေး (Vocational training) အပေါ် အားထားကြသည်ကို လေ့လာမိသည်။

ထို့ပြင် ပညာရေးမှရလာသည့် စဉ်းစားနိုင်စွမ်း၊ ဆင်ခြင်နိုင်စွမ်း၊ သုံးသပ်နိုင်စွမ်းနှင့် ပြဿနာကို ဖြေရှင်းနိုင်စွမ်းများကလည်း ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးတွင် များစွာအထောက်အကူပြုသော အရည်အချင်းများဖြစ်သည်ကို တွေ့ရသည်။ ထိုကဲ့သို့ အခြေအနေများကို GDP တိုးတက်မှုနှင့် ပညာရေးဆက်စပ်မှုကို OECD ကဲ့သို့ ချမ်းသာသောနိုင်ငံများတွင်လည်းကောင်း၊ ထုတ်လုပ်မှုကျဆင်းခြင်း၊ ကျွမ်းကျင်မှုနှင့် လုပ်သားဈေးကွက်မကိုက်ခြင်းနှင့်

စာမျက်နှာ ၇ သို့ ○

# တက္ကသိုလ်များတွင် သုတေသနလုပ်ငန်းများ တွန်းအားပေးဆောင်ရွက်ကြရန်မှာကြား

နေပြည်တော် ဩဂုတ် ၅



တက္ကသိုလ်များတွင် သုတေသနလုပ်ငန်းများ တွန်းအားပေးဆောင်ရွက်ကြရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယနေ့တွင် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများနှင့် အွန်လိုင်းစနစ်ဖြင့်တွေ့ဆုံစဉ် ဆွေးနွေးပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်များ၏ အဓိကနယ်ပယ်လေးခုဖြစ်သည့် သင်ကြားသင်ယူရေး(Teaching and Learning)၊ လေ့ကျင့်သင်ကြားရေး (Training)၊ သုတေသနဆောင်ရွက်ခြင်း (Research)နှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း (International cooperation)တို့အနက် သင်ကြားသင်ယူရေးနယ်ပယ်တွင် ထိရောက်သည့် သင်ကြားသင်ယူမှုနည်းလမ်းများဖြစ်ရန် ပါမောက္ခချုပ်များအနေဖြင့် ပါမောက္ခများမှ တွန်းအားပေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ သင်ကြားသင်ယူမှုကဏ္ဍတွင် တက္ကသိုလ်၏ မျှော်မှန်းချက်များ၊ လုပ်ငန်းတာဝန်များ ပေါက်မြောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် တက္ကသိုလ်အဆင့် သင်ယူမှုရလဒ်များ ချမှတ်အကောင်အထည်ဖော်ရန်လိုကြောင်း။

သုတေသနမလုပ်သော တက္ကသိုလ်သည် တူရိယာမပါသော သီချင်းတစ်ပုဒ်နှင့်တူသည်ဟု ပြောကြားလိုပါကြောင်း၊ အထူးပြုဘာသာရပ်များအလိုက် သုတေသနလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ တက္ကသိုလ်များရှိ နိုင်ငံတကာဆက်ဆံရေးရုံးများသည် နားလည်မှုစာချွန်လွှာတွင် ဖော်ပြထားသော ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ်များတွင် ချိတ်ဆက်ပူးပေါင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် အခြေခံပညာကဏ္ဍရှိ Grade–12 ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်များတွင် သင်ကြားပေးလျက်ရှိသော အထူးပြုဘာသာရပ်များ၏ အကျိုးရှိပုံများကို လာမည့်အောက်တိုဘာလတွင် ကွင်းဆင်းရှင်းလင်းဆွေးနွေးနိုင်ရေးအတွက် ပါမောက္ခချုပ်များက စီစဉ်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများက သက်ဆိုင်ရာကျောင်းအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဒေတာလုံခြုံရေး၊ ဓာတုဗေဒပစ္စည်းလုံခြုံရေး၊ တက္ကသိုလ်ပရဝဏ်လုံခြုံရေးအတွက် ချမှတ်ထားသောစံသတ်မှတ်ချက်များနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရေကြီးနစ်မြုပ်ခဲ့သည့် ကျောင်းများ အစားထိုးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များက တက္ကသိုလ်များအကြား MoU လက်မှတ်ရေးထိုးမှု၊ နိုင်ငံတကာနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု၊ အရည်အသွေးအာမခံမှုစနစ်ဆောင်ရွက်နေမှု၊ သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့်စပ်လျဉ်း၍ တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေးမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲ ကျင်းပ



ရေး ဩဂုတ် ၅

မွန်ပြည်နယ် ရေးမြို့နယ် ရဲတပ်ဖွဲ့ နှင့်အမှတ်(၃၉) မူးယစ်တပ်ဖွဲ့စု (ရေးမြို့နယ်)တို့ပူးပေါင်း၍ ယနေ့မွန်းလွဲပိုင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး၊ မူခင်းအသိပညာပေးနှင့် မူးယစ်ဆေးဝါး အသိပညာပေးဟောပြောခြင်းတို့ကို အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲနီထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်ထွန်းက မူခင်းအသိပညာပေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဟောပြောသည်။ ထို့နောက် အမှတ်(၃၉) မူးယစ်တပ်ဖွဲ့စု(ရေးမြို့နယ်)မှ ဒုရဲမှူး ကျော်မြင့်ထွန်းက မူးယစ်ဆေးဝါးအမျိုးအစားများ၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တွင် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာဆိုးကျိုးများ၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကား/သုံးစွဲမှုကြောင့် ကျခံရမည့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ အထူးသဖြင့် ကျောင်းသားလူငယ်များအနေဖြင့် မူးယစ်ဆေးအစ ဆေးလိပ်က ဆိုသည့်အတိုင်း စမ်းသပ်သုံးစွဲမိလျှင် လမ်းမှားရောက်နိုင်ကြောင်းတို့ကို ပရိဂျက်တာဖြင့် ရှင်းလင်းဟောပြောသည်။

ထို့နောက် တာဝန်ရှိသူများက ဟောပြောသည့်အကြောင်းအရာအလိုက် အသိပညာဗဟုသုတရရှိစေရန် ပြန်လည်မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

○ စာမျက်နှာ ၆ မှ

ဦးနှောက်ယိုစီးမှုပြဿနာများကြောင့် စီးပွားရေးတန့်ပြီး ဆင်းရဲချမ်းသာမညီမျှမှု ဖြစ်နေခြင်းများကို ပညာရေးအားနည်းပြီး ဆင်းရဲသောနိုင်ငံများတွင်လည်းကောင်း ဥပမာထား လေ့လာနိုင်ပါသည်။

ကျွန်တော်တို့နိုင်ငံ အစိုးရအနေဖြင့်လည်း ပညာရေးကို အထူးတန်ဖိုးထားလေးစားကာ လူငယ်များကို အတန်းပညာ၊ အခြေခံပညာတတ်များဖြစ်အောင်၊ ပညာရှင်များဖြစ်အောင် မြေတောင်မြှောက်ပေးလျက်ရှိပါသည်။ ပညာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေလည်း ရှိနေပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတည်ရှိရာ ကျေးလက်နေပြည်သူများအတွက် ဦးတည်သည့် ပညာရေး ရင်းနှီးမြှုပ်နှံမှုက မြို့ပြကျေးလက်မညီမျှမှုကို လျှော့ချပြီး ဆင်းရဲမွဲတေမှုပါ လျော့ပါးသွားစေကြောင်းလည်း သိရှိထားပါသည်။

ယခုအခါ အခြေခံပညာအဆင့် ကျောင်းနေရာခိုင်နှုန်းနည်းပါးခြင်းကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး KG + 9 အထိ မသင်မနေရပညာရေးကို အားထည့်ဆောင်ရွက်နေသည်။ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆောင်ပုဒ်ဖြင့် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို အလေးထားဆောင်ရွက်နေသည်။ အနာဂတ်ပညာတတ်များ တိုးပွားလာရန် ရည်ရွယ်၍ Polytechnic University ရှစ်ခု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်း ၈၆ ကျောင်း ထိုမှတစ်ဆင့် တက္ကသိုလ်အဆင့်အထိ တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ တက္ကသိုလ်အားလုံးတွင် BA (Law) နှင့် BA(Eco)ဘွဲ့များ သင်ကြားနိုင်ရေးတို့ကို ကြိုးစားဆောင်ရွက်လျက်ရှိသည်မှာ အားလုံးအသိဖြစ်သည်။ ဤသို့ဖြင့် နိုင်ငံကို ပညာဖြင့် ဦးဆောင်၊ ပညာဖြင့် စီမံခန့်ခွဲပြီး ပညာအခြေခံသော ဖွံ့ဖြိုးတိုးတက်မှုဆီ ဆက်လက်လျှောက်လှမ်းကြရပါဦးမည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရင်းအမြစ်နှစ်ခုကို တင်ပြခဲ့ပါပြီ။ နောက်အရင်းအမြစ်မှာ သဘာဝပတ်ဝန်းကျင်မှပေးသော အကြောင်းတရားများဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးများဖြစ်သော မုန်တိုင်း၊ မိုးခေါင်ရေရှားမှုနှင့် အပူချိန်ပြင်းထန်မှု၊ အင်အားပြင်းထန်လျှင်ဘေးဒဏ်များကား နိုင်ငံအတွက် စိန်ခေါ်မှုကြီးတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။

ထို့ကြောင့်လည်း လူထုလှုပ်ရှားမှုအသွင်ဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်သည်။ ယခုနှစ်တွင် အညာအပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးကို နိုင်ငံတော်အဆင့် အလေးထားဆောင်ရွက်လာသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် လူအများနေထိုင်ရခက်ပြီး ဒုက္ခသက်ရောက်ခြင်းများကြောင့် သဘာဝကပ်ဘေးအန္တရာယ်အရှိန်လျော့ကျလာအောင် ကြိုတင်ကာကွယ်ရ၊ ဖန်တီးဆောင်ရွက်ကြရသည်မှာ ယနေ့လူသားတို့၏ တာဝန်လည်းဖြစ်လာသည်။

**❝ပညာရေးကဏ္ဍသည် ကုန်ထုတ်လုပ်မှုအခြေခံအုတ်မြစ်ဖြစ်သည့် လုပ်ငန်းကျွမ်းကျင်မှု၊ ဗဟုသုတနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ပေးသည့်အတွက် တိုင်းပြည်၏ စီးပွားရေးမောင်းနှင်အားများထဲတွင် ပညာရေးကို မထည့်သွင်း၍ မရပါ။ ပညာရေးသည် ကုန်ထုတ်လုပ်မှုအပေါ် များစွာသက်ရောက်မှုရှိပါသည်။ စွမ်းဆောင်ရည် (Efficiency) ပြည့်ဝပြီး အလိုက်သင့်ပြောင်းလဲနိုင်စွမ်း (Adaptability) နှင့် တီထွင်ဆန်းသစ်မှု (Innovation) အရည်အချင်းများသည် ပညာပြည့်ဝမှုအပေါ်မူတည်❞**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုအောက်တွင် စိတ်နှလုံးချမ်းမြေ့စွာဖြင့် အရိပ်အာဝါသအောက် သာသာယာယာနေရခြင်းသည် ချမ်းသာခြင်းတစ်မျိုးပင်ဖြစ်သည်။ သို့သော် စိုက်ပြီးသားအပင်များ ရှင်သန်ရန်၊ အမြဲမပြတ် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တရားမဝင်ခုတ်ယူမှုများကို တားဆီးရန်တာဝန်များကား ရှိနေသေးသည့်အတွက် သားစဉ်မြေးဆက် ထိန်းသိမ်းရမည့်တာဝန်အမွေတစ်ခုအဖြစ် ဆက်လက်ခံယူသွားရန်သာ ဖြစ်ပါသည်။

အချုပ်အားဖြင့် နိုင်ငံတစ်နိုင်ငံသည် စီးပွားရေးအရ ချမ်းသာကြွယ်ဝနေမှ၊ လူမှုဘဝများ ဖွံ့ဖြိုးနေမှ၊ အေးချမ်းသာယာနေမှ တင့်တယ်ပါသည်။ ထို့ကြောင့်လည်း ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်အရောက် ခရီးရှည်ကြီးကို ကြိုးစားပမ်းစားသွားနေရခြင်းဖြစ်သည်။ ဆူးငြောင့်ခလုတ်တံသင်းများစွာ ကျော်ဖြတ်နေရခြင်းဖြစ်သည်။ ခရီးရောက်မှု မရောက်မှုက အားလုံးအပေါ်တွင် မူတည်သည့်အတွက်လည်း ကျွန်တော်တို့တွင် တာဝန်ရှိသည်ဟု ခံယူထားပါသည်။ အားလုံးတွင် တာဝန်ရှိသည်ဟုလည်း ခံယူစေလိုပါသည်။

အခြေအနေ၊ အချိန်အခါအလိုက် လိုအပ်ချက်များကား ရှိနေမည်သာ။ အရေးအကြီးဆုံးက စေတနာရှိရန်၊ ညီညွတ်ရန်၊ နိုင်ငံချစ်စိတ်ရှိရန်နှင့် စွမ်းဆောင်ရည်မြင့်ရန် အပိုင်းများတွင် ဖြစ်သည်။ သို့သော် အားလုံး၏အခရာမှာ ပညာသာဖြစ်ပါသည်။ ပညာဖြင့် ဦးဆောင်ပြီး စိတ်ဓာတ်ကောင်းကောင်းဖြင့် အလုပ်ကိုအမှန်တကယ်လုပ်၊ ထိထိရောက်ရောက်လုပ်ကိုင်ကြမည်ဆိုလျှင် ဆောင်ပုဒ်တွင်ပါသည့် ကျွန်တော်တို့လိုချင်သော မျှော်မှန်းချက်များ၊ လိုလားချက်များ အားလုံးသည် မလွဲကေန်အမှန်ဖြစ်လာမည်ဟု ဆက်လက်ယုံကြည်ထားပါကြောင်း။ ။

# ဇမ္ဗူသီရိမြို့နယ်တွင် လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း တောင်သူပညာပေးသရုပ်ပြပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၅

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သည် ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၆၅၉)ရှိ တောင်သူ ဦးကျော်မြင့်ဦး၏လယ်တွင် ကျင်းပသည့် လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း တောင်သူပညာပေးသရုပ်ပြပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး တောင်သူများအတွက် သွင်းအားစုများ ကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင်များက အောင်နိုင်တိုးမျိုးစပါးများ၊ နေကြာနှင့် ပဲတီစိမ်းမျိုး များနှင့် မျိုးစေ့ချကိရိယာများကိုလည်းကောင်း ပေးအပ်ကာ လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် အောင်နိုင်တိုးမျိုး မိုးစပါးများ စိုက်ပျိုးနေမှု၊ ရေဆင်း ပေါ်ဆန်းစပါးမျိုးများ ပျိုးထောင်ထားရှိမှုနှင့် နယူးရောခွေစပါးများ စိုက်ပျိုးထားရှိမှုကို လှည့်လည် ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် ကူသပိတ်ကျေးရွာ ကွင်းအမှတ် (၁၈၀၆)ရှိ တောင်သူ ဦးတိုးနိုင်၏လယ်တွင် ပြုလုပ်သည့် တောင်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လက်ဆွဲမျိုးစေ့ချကိရိယာများ၊ နေကြာ၊ ပဲတီစိမ်းမျိုး များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် များက အောင်နိုင်တိုးမျိုးစပါးများနှင့် သွင်းအားစုများ ကိုလည်းကောင်း တောင်သူများထံပေးအပ်ပြီး လက်ဆွဲ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှု အားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့ သီရိမင်္ဂလာခန်းမ၌ ကျင်းပသည့် အမှိုက်စနစ်တကျခွဲခြားစွန့်ပစ်နိုင်ရေးနှင့် ပလတ်စတစ် သုံးစွဲမှု လျှော့ချနိုင်ရေးအတွက် အသိပညာပေး ဟောပြောပွဲကို တက်ရောက်အမှာစကားပြောကြား ပြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ အမှိုက်ခွဲခြားစွန့်ပစ်ခြင်း လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် လယ်ဝေးမြို့ ဖောင်တော်ချက်မ စေတီတော်မြတ်ကြီးသို့ သွားရောက်၍ စေတီတော် အတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက် နေမှု၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး ပြီး စေတီတော်ကြီး ဘက်စုံပြန်လည်မွမ်းမံပြုပြင် နိုင်ရေးအတွက် အလှူငွေများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ သည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပ သည့် MSME လုပ်ငန်းများနှင့် စက်မှု၊ လက်မှု ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား ပြီး တက်ရောက်လာကြသူများ၏ သက်ဆိုင်ရာကဏ္ဍ အလိုက် ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည် များ မှာကြားခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

# စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပုသိမ်ကြီး)၌ လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် မိုးစပါးကွင်းသရုပ်ပြစိုက်ပျိုး



မန္တလေး ဩဂုတ် ၅

ပုသိမ်ကြီးမြို့နယ် စက်မှု လယ်ယာဦးစီးဌာန အမှတ်(၈၀) စက်မှုလယ်ယာစခန်းမှ လက်ဆွဲ မျိုးစေ့ချကိရိယာဖြင့် မိုးစပါး ကွင်းသရုပ်ပြစိုက်ပျိုးပွဲ အခမ်း အနားကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပုသိမ်ကြီး)၌ ကျင်းပရာ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပုသိမ်ကြီး) ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တောင်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့်အဖွဲ့သည် အဆိုပါကျောင်း ရှိ မိုးစပါးစိုက်ကွင်းတွင် လက်ဆွဲ မျိုးစေ့ချကိရိယာဖြင့် သရုပ်ပြသမှု ကိုလည်းကောင်း၊ သဘာဝ မြေဆွေး (Bocashi) ပြုလုပ်ပုံ အဆင့်ဆင့်နှင့် ကျောင်းသား ကျောင်းသူများ၏ သရုပ်ဖော်ပြသ မှုကိုလည်းကောင်း ကြည့်ရှု အားပေးကြပြီး အဆိုပါကျောင်း အတွက် လက်ဆွဲမျိုးစေ့ချကိရိယာ အား ပေးအပ်ရာ ကျောင်းအုပ်ကြီး က လက်ခံရယူသည်။

ဆက်လက်၍ တွေ့ဆုံပွဲအခမ်း အနားကို အဆိုပါကျောင်း စုဝေး ခန်းမ၌ကျင်းပရာ ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ကျောင်းအုပ်ကြီး ဦးခင်မောင်ထွေး က ကျောင်းသမိုင်းနှင့် လုပ်ငန်းစဉ် များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပုသိမ်ကြီးမြို့နယ်နှင့် မတ္တရာမြို့နယ်တို့မှ တောင်သူများ အား လက်ဆွဲမျိုးစေ့ချကိရိယာ များနှင့် ပိုက်ဆံလျှော်မျိုးစေ့များ ကိုလည်းကောင်း၊ ဆရာ ဆရာမ များ၊ ကျောင်းသား ကျောင်းသူ များအတွက် ထောက်ပံ့ပစ္စည်းများ ကိုလည်းကောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ရမည်းသင်းမြို့နယ်၌ စပါးမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကြည့်ရှုအားပေး

ရမည်းသင်း ဩဂုတ် ၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်ကြင်းကန်ကျေးရွာ မှတောင်သူဦးဇော်၏ကွင်းအမှတ်(၁၁၁၂)၌ စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာ အသုံးပြု၍ မိုးစပါးစိုက်ပျိုးနေမှုကို ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကြည့်ရှု အားပေးသည်။

အဆိုပါစပါးမျိုးစေ့ချစိုက်ပျိုးခြင်းဖြင့် စပါးမျိုးစေ့ချကိရိယာကို တွင်ကျယ်စွာအသုံးပြုလာစေရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှု လယ်ယာစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်ခြင်းဖြင့် လုပ်သားရှားပါး မှုအခက်အခဲနှင့် အချိန်တိုအတွင်း စိုက်ဧကများ စိုက်ပျိုးနိုင်သည့်အပြင် စပါးပန်းတိုင်အထွက်နှုန်းကောင်းမွန်စေသည့် အကျိုးများစွာရရှိစေ ကြောင်း ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးသီဟဇော်က ရှင်းလင်း ပြောကြားသည်။ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့် တာဝန်ရှိသူများက စပါးမျိုးစေ့ချစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



# မော်လမြိုင်မြို့နယ်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်းဖွင့်



မော်လမြိုင် ဩဂုတ် ၅

မွန်ပြည်နယ် မော်လမြိုင် မြို့နယ်တွင် မြို့နယ်စက်မှု လယ်ယာဦးစီးဌာနက ဖွင့်လှစ် သည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကြာအင်း ကျေးရွာအုပ်စု အမှတ်(၅၄) စက်မှု လယ်ယာစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်က သင်တန်းဖွင့် အမှာစကား ပြောကြားပြီး သင်တန်းသားများ အတွက် သင်ရိုးညွှန်းတမ်းစာအုပ် များနှင့် စာရေးကိရိယာများကို ပေးအပ်ခဲ့ကာ ခင်းကျင်းပြသ ထားသော စက်ကိရိယာပစ္စည်း များအား ကြည့်ရှုခဲ့သည်။

အဆိုပါသင်တန်းတွင် ဒေသ တွင်း လယ်ယာလုပ်ငန်းခွင်များ၌ အသုံးပြုမှုများသည့် တစ်လုံးထိုး လက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ ရိတ်ခြွေစက်နှင့် ကောက်စိုက်စက် များအား စနစ်တကျမောင်းနှင် ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများကို သင်တန်းသား ၂၅ ဦးတို့အား စက်မှုလယ်ယာ ဦးစီးဌာနမှ ကျွမ်းကျင်နည်းပြများက ဩဂုတ် ၄ ရက်မှ ၁၅ ရက်အထိ စာတွေ့ လက်တွေ့ သင်ကြားပေးမည်ဖြစ် ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❖ **အမျိုးသမီးမှ**

Thunder Tigresses အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ၁၀ ဂိုး–တစ်ဂိုး ဖြင့် အနိုင်ရပြီး အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်စီးတီးအသင်း ဂိုးမရှိ သရေကျခဲ့သည်။

ပွဲစဉ်(၁၁)အပြီးတွင် YRG အသင်းက ၂၉ မှတ်၊ Divine အသင်း နှင့် Thunder Tigresses အသင်းတို့က ၂၂ မှတ်စီ၊ Pacific Sun Far အသင်းက ၁၆ မှတ်၊ ရန်ကုန်စီးတီးအသင်းနှင့် အား/ကာသိပ္ပံအသင်းက ၁၅ မှတ်စီ၊ Winner Generations အသင်းက ငါးမှတ် ရရှိထားကာ မင်္ဂလာဒုံစီးတီးအသင်းမှာမူ ပွဲတိုင်းအရေးနိမ့်ပြီး အမှတ်မရသေးပေ။ ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲသာလိုတော့ပြီး ထိပ်ဆုံးမှ YRG အသင်းသည် လက်ကျန်သုံးပွဲတွင် တစ်ပွဲအနိုင်ရရုံဖြင့် ချန်ပီယံဆုရရှိမည်ဖြစ်သည်။

သတင်း – ရှိုင်းထက်ဇော်
ဓာတ်ပုံ – MFF

# ထားဝယ်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**ထားဝယ် ဩဂုတ် ၅**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေ လေ့လာဖတ်ရှုနိုင်ရန်၊ စာပေလေ့လာ ဖတ်ရှုခြင်းမှရရှိသော အသိပညာ ဗဟုသုတများကို ပြန်လည်အသုံးချ မျှဝေနိုင်ရန် ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကို ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြကာ တိုင်းဒေသကြီး အစိုးရအဖွဲ့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ သတ်ပုံအမှန်ရွေးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် ခါးကွင်းလှည့်ကစားနည်း ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသုံး ဗလာစာအုပ်များ ပေးအပ်ချီးမြှင့်သည်။



ယနေ့ကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ ကျောင်းသား ကျောင်းသူ ၁၈၀၀ ခန့် တက်ရောက်ကြပြီး ပြိုင်ပွဲများတွင် စိတ်ဝင်စားပျော်ရွှင်စွာ ပါဝင်ဆင်နွဲကြကြောင်း၊ ပြိုင်ပွဲဝင်များနှင့် ဆုရရှိသူများကို ဩဂုတ် ၆ ရက်တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မော်လမြိုင်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**မော်လမြိုင် ဩဂုတ် ၅**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသားလူငယ်များအကြား မျှဝေခြင်းနှင့် ဆွေးနွေးဖလှယ်ခြင်း စွမ်းရည်များတိုးတက်လာစေရန်၊ အသိပညာ ဗဟုသုတများ တိုးပွားလာစေရန်၊ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေရန်နှင့် လူငယ်များ ဉာဏ်စွမ်းရည်မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း ဦးသာညွှန်းဓမ္မာရုံ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး စကားဝိုင်းဆွေးနွေးပွဲကို ပြုလုပ်ရာ ကျောင်းသား ကျောင်းသူများက "လူငယ်နှင့် ကိုယ်ကျင့်တရား"၊ "လူငယ်နှင့် စာဖတ်ခြင်း"၊ "လူငယ်နှင့် နည်းပညာ"၊ "လူငယ်နှင့် မူးယစ်ဆေးဝါး"၊ "လူငယ်နှင့်အားကစား" ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပါဝင်ဆွေးနွေးခဲ့ကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် မွန်ပြည်နယ်စာကြည့်တိုက် ဖောင်ဒေးရှင်းဥက္ကဋ္ဌက အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးကာ အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

# ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် လူငယ်စကားဝိုင်းကျင်းပ




**တောင်ကြီး ဩဂုတ် ၅**

ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီအဖွဲ့ဝင် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

**မေးမြန်းဆွေးနွေး**

ထို့နောက်တောင်ကြီးတက္ကသိုလ် ရှမ်းပြည်နယ် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အသင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက လူငယ်နှင့်ရိုးရာဓလေ့ထုံးတမ်း၊ လူငယ်နှင့်ရသ၊ လူငယ်နှင့် နည်းပညာ မှန်ကန်စွာအသုံးချရေး၊ လူငယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူငယ်နှင့် သုတေသနအမြင် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသည့် ကျောင်းသူ ကျောင်းသားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်က ကျေးဇူးတင်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ပါဝင်ဆွေးနွေးခဲ့ကြသူများအား အမှတ်တရလက်ဆောင်နှင့် တောင်ကြီးတက္ကသိုလ်အတွက် အားကစားအထောက်အကူပြု ပစ္စည်းများ ပေးအပ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ဟုမ္မလင်းမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပ

**ဟုမ္မလင်း ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဟုမ္မလင်းမြို့နယ် အလက(ခေါင်ခမ်း) ကျောင်းခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ အလက(ခေါင်ခမ်း)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရိုစီမိုးက အမှာစကားပြောကြားပြီး ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆောက်က "စာပေကိုအခြေခံ၍ ဘဝကိုမြှင့်တင်ပါ" ခေါင်းစဉ်ဖြင့်လူငယ်များ စာအုပ်စာပေ ဖတ်ရှုကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဟုမ္မလင်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးလှဆိုင်းက "အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး" ခေါင်းစဉ်ဖြင့် အသိပညာပေး ရှင်းလင်းဆွေးနွေးကာ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ — စာပေမြင့်မှ လူမျိုးတင့်မည်**

# မကွေးမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ ကျင်းပ



မကွေး ဩဂုတ် ၅

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် စုပေါင်းရုံး အစည်းဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်း ဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင် ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီး များ၊ မကွေးတိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သည့် သင်တန်းများတွင် တက်ရောက်ကြသည့် သင်တန်း သား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဝန်ကြီးချုပ်က အမှာစကားပြောကြား သည်။ ဆက်လက်၍ တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် တိုင်းဒေသ ကြီး အတွင်းရေးမှူးတို့က ထူးချွန်သင်တန်းသား သင်တန်းသူ ၃၀ တို့အား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းများကို ချီးမြှင့်ပေးအပ်ခဲ့ပြီး သင်တန်းသား တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းသစ်ထူထောင်ကြမည့် ထူးချွန်သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကာ ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှု ခဲ့ကြကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သံလွင်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် အရပ်ရပ် ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၄ ရက်က အသင်းရုံး၌ ကျင်းပရာ သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးလှဝေက အမှာစကားပြောကြားစဉ်။ (အစည်းအဝေးတွင် အသင်းသား အသင်းသူများအား အစုပေါ်အမြတ် ငွေကျပ်၂၃၀၀၀၀၀ ကိုခွဲဝေပေးခဲ့သည်။) တင်ဝင်းလေး(ကြည့်မြင်တိုင်)




# မြောင်းမြမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

မြောင်းမြ ဩဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ် ခရိုင်ဘဏ်ခွဲမှကြီးမှူး၍ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ် ခြင်းနှင့် သီးနှံအာမခံထားရှိခြင်း အခမ်းအနားကို ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြန္တဝါခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ပြုလုပ်ရာ မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင် က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာ ဦးဝင်းနိုင်က ချေးငွေထုတ်ချေးခြင်းနှင့် ပြန်လည်ပေးဆပ်ခြင်း အား ရှင်းလင်းပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိတစ်ဦးက သီးနှံအာမခံထားရှိခြင်း၏ အကျိုးကျေးဇူးနှင့် အကာအကွယ်ပေးနိုင်မှု များကို ရှင်းလင်းပြောကြားကာ စိုက်ပျိုးစရိတ်ချေးငွေများအား တောင်သူ များထံ ပေးအပ်ခဲ့သည်။

အဆိုပါစိုက်ပျိုးစရိတ် ထုတ်ချေးခြင်းကို စိုက်ပျိုးမြေ တစ်ဧက လျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် အများဆုံး ၁၀ ဧကအထိ ထုတ်ချေးပေး ခြင်းဖြစ်ပြီး သီးနှံအာမခံခြင်းအစီအစဉ်သည် တောင်သူများအား သီးနှံ ပျက်စီးဆုံးရှုံးမှုများကို အကာအကွယ်ပေးနိုင်စေရန် ရည်ရွယ်၍ မြန်မာ့အာမခံလုပ်ငန်းက ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ ကျင်းပ

မိတ္ထီလာ ဩဂုတ် ၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ မြို့နယ်တွင် အသေးစားကုန်ထုတ် လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေ တိုးရေးစီမံကိန်း အမျိုးသမီးများ ဝင်ငွေတိုးရေးလုပ်ငန်းဖြင့် ဖွင့်လှစ် သည့် စက်ချုပ်နည်းပညာ သင်တန်းမှလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရက်ကန်းနှင့် အသက် မွေးပညာ သင်တန်းကျောင်း (မိတ္ထီလာ)ရှိ လေ့ကျင့်ပျိုးထောင် ရေးစင်တာ၌ ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် မန္တလေးတိုင်း ဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းဗိုလ်နှင့် မိတ္ထီလာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီမှအဖွဲ့ဝင်ဦးကျော်ဇေယျာ တို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများက စက်ချုပ် နည်းပညာသင်တန်းမှ ထူးချွန် သင်တန်းသူ ငါးဦးအား လုပ်ငန်းသုံး ပစ္စည်းနှင့် ဆုများပေးအပ်ခဲ့သည်။

၎င်းနောက် ရက်ကန်းနှင့် အသက် မွေးပညာ သင်တန်းကျောင်း (မိတ္ထီလာ)မှ ကျောင်းအုပ် ဆရာမ ကြီး ဒေါ်ဖြူဖြူမြင့်က သင်တန်းသူ များအား သင်တန်းဆင်းလက်မှတ် များ ပေးအပ်ရာ သင်တန်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါပေးအပ်ပွဲကို မန္တလေး တိုင်းဒေသကြီး အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် ရက်ကန်းနှင့် အသက်မွေး ပညာသင်တန်း ကျောင်း(မိတ္ထီလာ)မှ ဝမ်းတွင်း မြို့နယ် နေပူကုန်းအုပ်စု ဇီးကျင်း ကျေးရွာတွင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင် ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း အမျိုးသမီး များ ဝင်ငွေတိုးရေးလုပ်ငန်းဖြင့် ဖွင့်လှစ်သည့် စက်ချုပ်နည်းပညာ သင်တန်းမှ ထူးချွန်သည့်သင်တန်း သူ ငါးဦးအား လုပ်ငန်းသုံးပစ္စည်း များ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကျော့သောင်းမြို့၌ စက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

ကျော့သောင်း ဩဂုတ် ၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျော့သောင်း ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ မိသားစုဝင်ငွေ တိုးရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် စက်ချုပ် သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျော့သောင်းမြို့ အေးမြကန်သာရပ်ကွက် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲမြတ်တင့်က သင်တန်းမှပို့ချခဲ့သည့် ဘာသာရပ် ၁၆ မျိုးကို စာတွေ့/လက်တွေ့ဖြင့် ကျွမ်းကျင်နည်းပြမှ သင်တန်းကာလ ၄၅ ရက် တိတိ သင်ကြားပို့ချခဲ့သည့်အတွက် ဒီဇိုင်းသပ်ရပ်လှပသည့် ကုန်ချော အထည်များထွက်ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ သင်တန်းသူများအနေဖြင့် မိမိတတ်မြောက်ထားသည့်ပညာရပ်များဖြင့် အသေးစားစက်မှုလုပ်ငန်း များထူထောင်ပြီး နိုင်ငံတော်၏ အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် နိုင်ငံသားများဖြစ်အောင် ကြိုးစားကြရန် လိုကြောင်း ပြောကြားသည်။

**ပေးအပ်သွားမည်ဖြစ်**



ယင်းနောက် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးထက်အောင်က သင်တန်းသူ ၁၀ ဦးအနက် ထူးချွန် သင်တန်းသူ ငါးဦးအား စက်ချုပ်လုပ်ငန်းထူထောင်နိုင်ရန်အတွက် တစ်ဦးလျှင် အပ်ချုပ်စက် တစ်လုံး၊ ခေါက်စက် တစ်လုံး၊ ဘီတင်စက် တစ်လုံး၊ ရိုက်သီးစက်၊ မီးပူ၊ Extension ကြိုးခွေ၊ အင်္ကျီချိတ်(အရုပ်)၊ မီးပူတိုက်ခုံ တစ်ခုံ စုစုပေါင်းအမျိုးအစား ရှစ်မျိုးပေးအပ်သွားမည်ဖြစ် ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ နှင့် ဌာနဆိုင်ရာများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ် များပေးအပ်ပြီး သင်တန်းသူများအား သင်တန်းထွက် ကုန်ချောပစ္စည်း များပေးအပ်ခဲ့ကြကာ သင်တန်းသူများချုပ်ထားသည့် ဝတ်စုံများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၅

မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင် ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသ ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီး နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

## အာမခံလုပ်သားများသိစေရန်အသိပေးကြေညာခြင်း

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၀၃(ခ) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၈-၃-၂၀၂၅ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော ငလျင်ဒဏ်ခံစားရသည့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်အတွင်း ငလျင်ဘေးကျရောက်သည့်ဒေသများရှိ အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ကို အာမခံအလုပ်သမားပေးသွင်းသည့် လုပ်ခလစာဝင်ငွေ၏ ၄၀ ရာခိုင်နှုန်းနှင့် ညီမျှသော ငွေပမာဏအား သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုထုတ်ပေးမည်ဖြစ်ကြောင်း ၆-၅-၂၀၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၀၄/၂၀၂၅) ကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်၍ ငလျင်ဘေးကျရောက်သည့်ဒေသများရှိ အာမခံအလုပ်သမားများသည် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း လျှောက်လွှာများအား ၆-၉-၂၀၂၅ ရက်နေ့ နောက်ဆုံးထားပြီး သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများသို့ ပေးပို့လျှောက်ထားကြရန် အသိပေးကြေညာအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

## သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ လမ်းညွှန်မှုဖြင့် ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကရုဏာအလှူတော် ငွေကျပ်သိန်း ၁၀၀၀ ပေးအပ်လှူဒါန်း



ရန်ကုန် ဩဂုတ် ၅

သီတဂူဆရာတော်ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၏ လမ်းညွှန်မှုဖြင့် ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကရုဏာအလှူတော်ငွေကျပ်သိန်း ၁၀၀၀ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ရှိ စိတ္တဝိဝေကတောရကျောင်းတိုက်၌ ကျင်းပသည်။

ပေးအပ်လှူဒါန်းပွဲသို့ စိတ္တဝိဝေက တောရကျောင်းဆရာတော် ဘဒ္ဒန္တသုစိတ္တ အမှူးပြုသည့် ဆရာတော်၊သံဃာတော်များကြွရောက်တော်မူကြပြီး ကရင်ပြည်နယ်မှ တာဝန်ရှိသူများ၊ သီတဂူဆရာတော်ကြီး၏ ကပ္ပိယဆရာငြိမ်း ဦးဆောင်သည့်အဖွဲ့ တက်ရောက်ကြသည်။

ထို့နောက် ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ကရုဏာ အလှူတော်ငွေကျပ်သိန်း ၁၀၀၀ ကို စိတ္တဝိဝေကတောရကျောင်းဆရာတော်နှင့် တာဝန်ရှိသူများထံ သီတဂူ ဆရာတော်ကြီး၏ ကပ္ပိယဆရာငြိမ်း ဦးဆောင်သည့်အဖွဲ့က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ကျောက်တံတားမြို့နယ် မြန်မာ့အာမခံ ငွေစုငွေချေးသမဝါယမအသင်းနှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၅

ကျောက်တံတားမြို့နယ် မြန်မာ့အာမခံငွေစုငွေချေး သမဝါယမအသင်း၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေးကို အမှတ်(၆၂၇/၆၃၅) ကုန်သည်လမ်းရှိ အဆိုပါအသင်းရုံးခန်းမ၌ ယနေ့ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ့အာမခံ ငွေစုငွေချေးသမဝါယမအသင်းဥက္ကဋ္ဌ ဒေါ်စုစုသန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကျောက်တံတားမြို့နယ် သမဝါယမဦးစီးဌာနဦးစီးမှူးက သမဝါယမဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာ့အာမခံ ငွေစုငွေချေးသမဝါယမအသင်း ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အသင်းစာရင်းစစ်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို အမှုဆောင်အဖွဲ့မှ ဒေါ်ခင်မျိုးဆွေက ဖတ်ကြားပြီး အတည်ပြုချက်ရယူသည်။ အစည်းအဝေးအပြီးတွင် အသင်းသားများအား အစည်းအဝေးစရိတ်နှင့် စုဆောင်းငွေပေါ်အတိုး ၁၇၉၆၀၀၀၀ ကို အချိုးကျခွဲဝေထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ



နေပြည်တော် ဩဂုတ် ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့် အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက် ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၅ ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း ကျောင်းသား ကျောင်းသူ ၃၆၉ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသားကျောင်းသူ ၄၀၁၄ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ အမျိုးသား ၄၉ ဦး၊ အမျိုးသမီး ၅၉ ဦး၊ စုစုပေါင်း ၁၀၈ ဦးတို့ကို ၄က်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေ ရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့် ပတ်သက်၍ ကာကွယ်ဆေးထိုးရန် လိုအပ်သည့် လူနာ ၂၅ ဦးတို့ကို ကာကွယ်ဆေး ထိုးနှံပေးသည်။

၎င်းအပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၂၆ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ထိုင်းဘုရင့်လေတပ်မှ အုပ်အဆင့် အပြန်အလှန်လေ့လာရေးအဖွဲ့များနှင့် ဖျော်ဖြေရေးအဖွဲ့များ မြန်မာနိုင်ငံသို့လာရောက်






နေပြည်တော် ဩဂုတ် ၅

ထိုင်းဘုရင့် လေတပ်မှ အုပ်အဆင့် အပြန်အလှန်လေ့လာရေးအဖွဲ့ဝင်များနှင့် ဖျော်ဖြေရေးအဖွဲ့ဝင်များသည် ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် ထိုင်းဘုရင့်လေတပ်မှ လေယာဉ်ဖြင့် ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်သို့ရောက်ရှိကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့် လေတပ်စစ်သံမှူးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အုပ်အဆင့် အပြန်အလှန်လေ့လာရေးအဖွဲ့များကို မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ တပ်မတော်(လေ)မှ တာဝန်ရှိသူများက အုပ်သမိုင်းအကျဉ်းကို ရှင်းလင်းပြသကာ အုပ်မှူးများအချင်းချင်း အထိမ်းအမှတ်ပစ္စည်းများ အပြန်အလှန် လဲလှယ်ကြသည်။

ထိုင်းဘုရင့်လေတပ်မှ ဖျော်ဖြေရေးအဖွဲ့ဝင်များသည် ဩဂုတ် ၄ ရက် ညနေပိုင်းတွင် မိတ္ထီလာမြို့ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်ရှိ သူရအုန်းခိုင်ခန်းမ၌ ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်ကြရာ တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ အရာရှိ စစ်သည်များ၊ မိသားစုများ တက်ရောက်ကြည့်ရှု အားပေးကြသည်။ ထို့နောက် စစ်ဦးစီးအရာရှိချုပ်(လေ)က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုလက်ဆောင်ပန်းခြင်းကို ပေးအပ်ချီးမြှင့်ကာ အမှတ်တရ စုပေါင်းဓာတ်ပုံများ ရိုက်ကြပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအဖွဲ့များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ဗိုလ်တထောင်ဘုရားနှင့် ကမ္ဘာအေးစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ရန်ကုန်မြို့ရှိ Time City၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ Junction City နှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ် ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ထိုင်းဘုရင့် လေတပ်မှ အုပ်အဆင့် အပြန်အလှန်လေ့လာရေးအဖွဲ့ဝင်များနှင့် ဖျော်ဖြေရေးအဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထိုင်းဘုရင့်လေတပ်မှ လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများက မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## ပုဇွန်တောင်မြို့နယ်၌ ကျန်းမာရေးမကောင်းသည့် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား UID ကတ်များ အိမ်တိုင်ရာရောက် ဆောင်ရွက်ပေး

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းမြင့်ဦးဆောင်သောဝန်ထမ်းများက ဌာနဆိုင်ရာအသီးသီးမှ အငြိမ်းစားယူခဲ့သည့် နိုင်ငံ့ဝန်ထမ်းများကို ဇွန် ၂၀ ရက်မှစတင်၍ UID ကတ်များ ဆောင်ရွက်ပေးခဲ့ရာ ယနေ့ထိ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) ၁၀၇ ဦးအား ဆောင်ရွက်ပေးခဲ့ပြီး ဆောင်ရွက်ရန်ကျန်ရှိသည့် ကျန်းမာရေးမကောင်းသည့် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား အိမ်တိုင်ရာရောက် နေ့ချင်းပြီး ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ပြုလုပ်ပေးရာတွင် ယမန်နေ့ မွန်းလွဲပိုင်းက ကျန်းမာရေးမကောင်းသော နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)နှစ်ဦးအားBiometric အချက်အလက်များ အိမ်တိုင်ရာရောက်ကောက်ယူခဲ့ပြီး UID ကတ် နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ဟန်စုယဉ်

## မိုးညိုမြို့နယ်၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

မိုးညို ဩဂုတ် ၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဟသ်ာချောင်ကျေးရွာအုပ်စုသို့ ယနေ့တွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုးညိုမြို့နယ်ဦးစီးမှူး ဦးချစ်ကိုကို၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက အဖွဲ့များခွဲ၍ မိုးညိုမြို့နယ်ရှိ ဟသ်ာချောင်ကျေးရွာနှင့် ရေချမ်းအိုးကျေးရွာနေပြည်သူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးပြီး အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိသူ သက်ကြီးရွယ်အိုများအား အိမ်တိုင်ရာရောက် သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)






## ကျုံပျော်မြို့နယ်၌ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး ဟောပြော

ကျုံပျော် ဩဂုတ် ၅

မီးဘေးအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန်အတွက် စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ရှားခဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

### ဟောပြောဆွေးနွေး

ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်စိန်ဘွင့်၏ လမ်းညွှန်မှုဖြင့် ရှားခဲနယ်မြေမီးသတ်စခန်း လက်ထောက်မီးသတ်ဦးစီးမှူး ဦးကျော်လင်းထက်က စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိသင့်သည်များ၊ မီးသတ်ဆေးဘူးအကြောင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အုတ်တွင်းမြို့နယ်၌ အသက်အရွယ်ကြီးသူနှင့် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား UID နံပါတ်ထုတ်ပေးခြင်းများ ကွင်းဆင်းဆောင်ရွက်

အုတ်တွင်း ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက အသက်အရွယ်ကြီးသူနှင့် နာမကျန်းဖြစ်သည့် နိုင်ငံ့ဝန်းထမ်း (အငြိမ်းစား)များအား ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းနှင့် UID နံပါတ်များထုတ်ပေးခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက အိမ်တိုင်ရာရောက် ကွင်းဆင်းပြုလုပ် ဆောင်ရွက်ပေးသည်။

အဆိုပါအသက်အရွယ်ကြီးသူနှင့် နာမကျန်းဖြစ်သည့် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းနှင့် Biometric (Smart Card)များ သွားရောက်ကောက်ယူခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးနေဝ်ဟိန်းဦးဆောင်၍ ဝန်ထမ်းများက ဇူလိုင် ၂၅ ရက်မှစတင်၍ ယနေ့အထိ အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



✻ MNL မှ

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီယူနိုက်တက်အသင်းက ရှမ်းယူနိုက်တက်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းအတွက် တတိယမြောက်ရှုံးပွဲဖြစ်ခဲ့ပြီး ချန်ပီယံဆုကာကွယ်နိုင်ရန် ရှုန်းကန်ရတော့မည်ဖြစ်သည်။ ဧရာဝတီယူနိုက်တက်အသင်းအတွက် ငါးပွဲမြောက်နိုင်ပွဲဖြစ်ခဲ့ပြီး ၁၇၊ ၆၂ မိနစ်တွင် မျိုးမင်းခန့်၊ ၉၀+၄ မိနစ်တွင် ဝေဘုန်းမြင့်ကျော်တို့က အနိုင်ဂိုးများသွင်းယူသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၂၇ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ၂၁ မှတ် ရရှိထားသည်။ ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် Falcon အသင်းက ရာမညယူနိုက်တက်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ Falcon အသင်းသည် ပွဲအစငါးမိနစ်တွင် ဒီဝေယံသွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲအပြီးတွင် Falcon အသင်းက ၂၁ မှတ်၊ ရာမညယူနိုက်တက်အသင်းက ၁၉ မှတ် ရရှိထားသည်။

ပွဲစဉ်(၁၄)ဒုတိယနေ့ကို ဩဂုတ် ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် မဟာယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရတနာပုံအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း – မောင်စံကြီး၊ ဓာတ်ပုံ – MNL**

# ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဝင်ရောက်ခွင့်ပြုမည်

ဂျေရုဆလင် ဩဂုတ် ၅

ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း အစ္စရေးတာဝန်ရှိသူများက ဩဂုတ် ၅ ရက်တွင် ပြောကြားသည်။

**ပြောကြား**

ဂါဇာဒေသရှိ ပုဂ္ဂလိကလုပ်ငန်းများမှတစ်ဆင့် ကုန်ပစ္စည်းများ ဖြန့်ဖြူးမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန အရပ်သားများဆိုင်ရာ စီမံခန့်ခွဲရေးတပ်ဖွဲ့က ပြောကြားသည်။

ဒေသတွင်း ကုန်ပစ္စည်းများဝင်ရောက်ခွင့်ပြုသည့် ဆုံးဖြတ်ချက်ကို အစ္စရေးအစိုးရအဖွဲ့က အတည်ပြုခဲ့သည်။



ဆောင်ရွက်ရန်ရှိသည့် စစ်ဆေးရေးကိစ္စရပ်များ ဆောင်ရွက်ပြီးမှသာ ကုန်ပစ္စည်းများကို ဂါဇာဒေသသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ ဂါဇာဒေသသို့ ဝင်ရောက်ခွင့်ပြုမည့်ပစ္စည်းများတွင် စားသောက်ကုန်၊ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်အပါအဝင် တစ်ကိုယ်ရေသုံးသန့်ရှင်းရေးပစ္စည်းများ ပါဝင်ကြောင်း သိရသည်။ ကုန်ပစ္စည်းများအတွက် ငွေပေးချေရာတွင် ဘဏ်ငွေလွှဲစနစ်ဖြင့် ပေးချေမည်ဖြစ်ကာ ကုန်ပစ္စည်းများကိုလည်း စစ်ဆေးမည်ဖြစ်ကြောင်း အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဂါဇာဒေသတွင် အစ္စရေး က ၂၀၂၃ ခုနှစ် အောက်တိုဘာမှစတင်၍ တိုက်ခိုက်မှုများဆောင်ရွက်ခဲ့ပြီး ဒေသတွင်းကုန်ပစ္စည်းများ ဝင်ရောက်ခွင့်ကို ယခုနှစ် မတ် ၂ ရက်မှစတင်၍ ပိတ်ပင်ခဲ့သည်။ မေလတွင် ဂါဇာဒေသ၌ အမေရိကန်နှင့် အစ္စရေးတို့ဦးဆောင်သည့် ပုဂ္ဂလိကအစားအသောက် ဖြန့်ဖြူးရေးလုပ်ငန်းများအား ဒေသတွင်းအစားအသောက် ဖြန့်ဖြူးခွင့်ပေးခဲ့သည်။ ဇူလိုင်လနောက်ပိုင်းတွင် အကူအညီပေးရေးယာဉ်တန်းများကို ဝင်ရောက်ခွင့်ပြုခဲ့ကာ အာရပ်နှင့် ဥရောပနိုင်ငံများမှ လေကြောင်းရိက္ခာများချပေးခြင်းကိုလည်း ဆောင်ရွက်ခွင့်ပြုခဲ့သော်လည်း ဒေသတွင်း အငတ်ဘေးကြုံတွေ့နေရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဂါဇာဒေသတွင် လက်ရှိအချိန်အထိ အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် သေဆုံးသူ ၆၀၉၃၃ ရှိကြောင်းသိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ဂျပန် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့် အမေရိကန်တပ်မတော် စစ်ရေးလေ့ကျင့်မည်




တိုကျို ဩဂုတ် ၅

လာမည့်လတွင် ဂျပန် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့် အမေရိကန်တပ်မတော်တို့ပူးပေါင်း၍ ဂျပန်နိုင်ငံရှိ နေရာအများအပြားတွင် စစ်ရေးလေ့ကျင့်မှုဆောင်ရွက်မည်ဖြစ်ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

၎င်းစစ်ရေးလေ့ကျင့်မှုကို စက်တင်ဘာ ၁၁ ရက်မှ ၂၅ ရက်အထိ ကျူးရှူးဒေသနှင့် လိုတိုကျွန်းတို့တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့က ပြောကြားသည်။

ယင်းစစ်ရေးလေ့ကျင့်မှုတွင် မြေပြင်၊ ရေကြောင်းနှင့်လေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တပ်ဖွဲ့ဝင် ၁၂၀၀၀နှင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၉၀၀ တို့ ပူးပေါင်းလေ့ကျင့်မည်ဖြစ်သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုတွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ ဒုံးကျည်စနစ်နှင့် အမေရိကန်တပ်ဖွဲ့မှ ဒုံးကျည်စနစ်တို့ကို စမ်းသပ်ပစ်ခတ်လေ့ကျင့်မည်ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**



# ဘရူနိုင်းနိုင်ငံသားများ ဆေးလိပ်သောက်ခြင်း အလေ့အကျင့်ကို စွန့်လွှတ်လာ

ဘမ်ဒါဆရီဘီဂါဝမ် ဩဂုတ် ၅

ဘရူနိုင်းနိုင်ငံသားများအနေဖြင့် ဆေးလိပ်သောက်ခြင်းအလေ့အကျင့်ကို စွန့်လွှတ်ပြီး အားကစားလှုပ်ရှားမှုများ ဆောင်ရွက်လာကြောင်း ကျန်းမာရေးဝန်ကြီး ဟာဂျီအမ်ဒီအစ်ဟန်ဂျဖာက ဩဂုတ် ၅ ရက်တွင် ပြောကြားသည်။

အမျိုးသားကျန်းမာရေးနှင့် အာဟာရအခြေအနေလေ့လာမှုအရ အရွယ်ရောက်ပြီးသူများတွင် ဆေးလိပ်သောက်ခြင်းသည် ၁၉ ဒသမ ၉ ရာခိုင်နှုန်းမှ ၁၃ ဒသမ ၄ ရာခိုင်နှုန်းသို့ လျော့ကျလာကြောင်း ၎င်းက ပြောကြားသည်။

**ရည်မှန်းချက်ထားရှိဆောင်ရွက်**

အားကစားလှုပ်ရှားမှုများ ဆောင်ရွက်သည့် ရာခိုင်နှုန်း ၈ ဒသမ ၄ အထိရှိကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ နိုင်ငံသားများ သက်တမ်းစေ့နေနိုင်ရေး၊ ရောဂါကြောင့် သေဆုံးမှုလျှော့ချရေးနှင့်အားကစားလှုပ်ရှားမှုများ ဆောင်ရွက်ရေးတို့အတွက် ရည်မှန်းချက်ထားရှိ ဆောင်ရွက်နေကြောင်း ၎င်းကပြောကြားသည်။

၎င်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးအခြေခံအဆောက်အအုံနှင့် ဒစ်ဂျစ်တယ်လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။ ကူးစက်ရောဂါများကို ကြိုတင်ရောဂါရှာဖွေကုသသည့်နည်းဖြင့် ကာကွယ်နိုင်ရန် ဆောင်ရွက်နေကြောင်း ၎င်းကပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# လက်ဘနွန်နိုင်ငံတောင်ပိုင်း နယ်စပ်ဒေသတွင် အစ္စရေးတပ်မတော်က စစ်ဆင်ရေးဆောင်ရွက်ရန်ပြင်ဆင်

ဘေရွတ် ဩဂုတ် ၅

လက်ဘနွန်နိုင်ငံတောင်ပိုင်း နယ်စပ်ဒေသတွင် အစ္စရေးတပ်မတော်က စစ်ဆင်ရေးဆောင်ရွက်ရန်အတွက် နေရာငါးခု ပြင်ဆင်နေကြောင်း လက်ဘနွန် တာဝန်ရှိသူများက ပြောကြားသည်။

**တိုက်ခိုက်နိုင်ရန်အတွက်ဆောင်ရွက်**

အစ္စရေးတပ်မတော်မှ ဘူဒိုဇာများနှင့် မြေသယ်ယာဉ်များသည် ၎င်းနေရာများတွင် ကွန်ကရစ်ဘန်ကာများ၊ ယာဉ်ထားရှိရန်နေရာများ၊ စောင့်ကြည့်ရေးကိရိယာများတပ်ဆင်ခြင်းဖြင့် တိုက်ခိုက်နိုင်ရန်အတွက် ဆောင်ရွက်နေကြောင်း လက်ဘနွန်တာဝန်ရှိသူများက ဖြည့်စွက်ပြောကြားသည်။



အစ္စရေးတပ်မတော်က ယခုတပ်စွဲထားသည့်နေရာများသည် တိုက်ခိုက်မှုများဆောင်ရွက်ရန် သင့်တော်သည့်နေရာများဖြစ်ကြောင်း သိရသည်။ အစ္စရေးနှင့် လက်ဘနွန်ဟဇ်ဘိုလာအဖွဲ့အကြား ယမန်နှစ် နိုဝင်ဘာ ၂၇ ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိခဲ့သော်လည်း လက်ရှိအချိန်တွင် အစ္စရေးက လက်ဘနွန်နိုင်ငံရှိ နေရာများကို ထိန်းသိမ်းပြီး တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ ဘာလီဒေသတွင် ရေကြောင်းတက္ကစီယာဉ် ပြေးဆွဲမည်

ဂျကာတာ ဩဂုတ် ၅

အင်ဒိုနီးရှားနိုင်ငံ ဘာလီဒေသတွင် ယာဉ်ကြောပိတ်ဆို့မှုများကို စီမံခန့်ခွဲရန်အတွက် ရေကြောင်းတက္ကစီယာဉ်များကို ပြေးဆွဲမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန တာဝန်ရှိသူ လိုလန်အန်ဒီဆူတိုမိုပန်ဂျာတန်က ဩဂုတ် ၅ ရက်တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် ဘာလီဒေသရှိ အိုင်ဂတ်စတီငူရာရိုင် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ခရီးသွားနေရာများသို့ သွားရောက်ရာတွင် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားနေကြောင်း ၎င်းက ပြောကြားသည်။

၎င်းရေကြောင်း တက္ကစီယာဉ်များ ပြေးဆွဲခြင်းဖြင့် အိုင်ဂတ်စတီငူရာရိုင် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကန်ဂူကဲ့သို့သော ခရီးသွားများ သွားရောက်လေ့ရှိသည့်နေရာကို အချိန်တိုအတွင်း သွားရောက်နိုင်သည့် အားသာချက်ရှိကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ လက်ရှိအချိန်တွင် ရေကြောင်းတက္ကစီယာဉ်များ ပြေးဆွဲနိုင်ရန်အတွက် လေ့လာခြင်းနှင့် ဖြစ်နိုင်ခြေစစ်ဆေးခြင်းတို့ကို ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။ ရေကြောင်းတက္ကစီယာဉ်များ ပြေးဆွဲမှုကြောင့် ဒေသခံများ၏ လူမှုဘဝနှင့် ဒေသတွင်းရှိ ယဉ်ကျေးမှုအထိမ်းအမှတ်များ ထိခိုက်နိုင်မှုရှိ မရှိလေ့လာမည်ဟု ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# အမျိုးသမီးတစ်ဦးအား တရုတ်နိုင်ငံရှိ အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်ရန်စည်းရုံးပြောဆိုပြီး တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၂ နှစ်ချမှတ်

နေပြည်တော် ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နေ အမျိုးသမီးတစ်ဦးအား တရုတ်နိုင်ငံရှိ အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်ရန် စည်းရုံးပြောဆိုပြီး တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၂ နှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နေ မ -----၊ ၂၀/၂၀၂၅ နှစ်သည် ၎င်းအလုပ်လုပ်ကိုင်နေသည့်နေရာနှင့် ကပ်လျက်အဒေါ်အိမ်သို့ နေ့စဉ်သွားရောက်ရာမှ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ နန်းတော်ရာရပ်ကွက်နေ ဒေါ်စိုးစိုးနှင့် တွေ့ဆုံခင်မင်ရင်းနှီးခဲ့ရာ ဒေါ်စိုးစိုးက တရုတ်နိုင်ငံ ရွှေလီမြို့ရှိအထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်ရမည်၊ တစ်လလျှင် ငွေကျပ် လေးသိန်းခန့်ရမည်ဟု စည်းရုံးပြောဆိုပြီး မူဆယ်မြို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံ ဟဲနန်ပြည်နယ် ရှောင်ထုံရှန့်မြို့ရှိ ဒေါ်ခင်စိုးအေး (ခ) ဒေါ်ခင်မာအေးနေအိမ်သို့ ပို့ဆောင်ခဲ့ကြောင်း၊ ဒေါ်ခင်စိုးအေး(ခ) ဒေါ်ခင်မာအေးက ၎င်းအား တရုတ်ယောကျ်ားယူပါက တရုတ်ယွမ်ငွေ လေးသောင်း(မြန်မာငွေကျပ် သိန်း ၂၄၀)ခန့် ရမည်ဟု ထပ်မံစည်းရုံးပြောဆိုပြီး တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားကာ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် လသာမြို့မရဲစခန်း(ပ)၄/ ၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဩဂုတ် ၃ ရက်တွင် ကျောက်တံတားခရိုင် တရားရုံးမှ ဖမ်းမိတရားခံ ဒေါ်ခင်စိုးအေး(ခ)ဒေါ်ခင်မာအေး ကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံ စိုးစိုးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့ အမှတ်(၂)ရပ်ကွက် ဆင်းရွှေလီလမ်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၂၅၀၀၀)ကိုလည်းကောင်း၊ မြဝတီမြို့ အမှတ်(၃)ရပ်ကွက် စစ်မှုထမ်းဟောင်းလမ်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၂၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှမန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hion Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၈၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှမုံရွာမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၅ မျိုး၊ လူသုံးကုန်ပစ္စည်းခြောက်မျိုး၊ စားသောက်ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၆၃၅၄၂၆၈၈ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေး ဂိတ်၌ မန္တလေးမြို့မှစစ်ကိုင်းမြို့သို့သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၄၉၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux Pick Up တစ်စီး



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၆၃၂၉၁၆၈၈ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ စမ်းကြီးရပ် ကွင်းအမှတ် ၉၇ စက်ရုံစု လမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၄ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ်ရှစ်စီးနှင့် လိုင်စင်မဲ့ ဆိုင်ကယ် ၃၁ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၄ ရက်တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်း တန်ဖိုးငွေ ၂၆၈၆၁၆၆၈၈ ကျပ်)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်း စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက် အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည် နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ မှ သိရသည်။

သတင်းစဉ်

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများ အရ အရေးယူခံရနိုင်ပါသည်။
❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါ သည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၈-၂၀၂၅ ဗုဒ္ဓဟူးနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မောရသုတ်၊ ဝဋ္ဋသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၉:၁၀ ပို့ကုန်နှစ်ဆတိုးမြှင့်ဖို့ MSME အရောင်းပြပွဲများကျင်းပကြပါစို့
၁၁:၁၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၁:၃၅ ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၁၄)
၁၃:၁၀ သီချင်းကြီးပဒေသာ
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လှုပ်ရှမ်းကောင်းများခေတ်' (အပိုင်း-၄၆)
၁၄:၄၅ မျိုးဝှက်တင့်စေဆိုကရေးတီးအမွေ
၁၅:၁၅ Weekly Soccer Preview
၁၅:၄၅ ၂၀၂၆ အာရှဖလားခြေစစ်ပွဲယူ-၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (မြန်မာအမျိုးသမီးအသင်းနှင့် တာ့ခ်မင်နစ္စတန် အမျိုးသမီးအသင်း)
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၁၉)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ (၃၈)ဖြာမင်္ဂလာ 'အရိယသစ္စာနှင့် ဒဿနံ' (အရိယသစ္စာတရားကို သိမြင်ခြင်း)
၂၂:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မုန်တိုင်းတစ်ခုရဲ့နှိုး' (အပိုင်း-၁၄)

### mitv

07:01 Evergreen Classic: Ma Lay Lay Lat Khat Than
07:08 Artistic Values & Aesthetic Traditions
07:33 Tech Digest
07:41 Khema Yama Nunnery School
08:26 Taung Byone Nat Festival(Ep-3)
08:45 Versatile Youths Gathering for Friendship
09:01 Tour Around in Myeik Archipelago Baliey and Smart Islands
09:16 Alms Bowl
09:36 Discovering Tribes: Mon (Their Life and Customs)

### Me

၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက(ချင်း)
၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဖမ်းသူများ' (အပိုင်း-၃)
၀၈:၂၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၀၈:၄၅ ဇာတ်တော်ကြီး 'ဂုဏဟာဇာတ်တော်ကြီး' (ပထမပိုင်း)
၁၀:၄၀ ဇာတ်တော်ကြီး 'ဂုဏဟာဇာတ်တော်ကြီး' (ဒုတိယပိုင်း)
၁၅:၄၅ ၂၀၂၆ အာရှဖလားခြေစစ်ပွဲယူ-၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (မြန်မာအမျိုးသမီးအသင်းနှင့် တာ့ခ်မင်နစ္စတန် အမျိုးသမီးအသင်း)

### MRTV NRC

**ပကေါကရင် (၀၆:၀၀ မှ ၀၇:၀၀)**
တံငါသည်တို့ရဲ့ရှန်းကန်လှုပ်ရှားနေရတဲ့ဘဝများ

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်စာပေစကားပြောကြရအောင် (အပိုင်း-၉)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကရင်တေးရေး တေးဆိုအနုပညာရှင် ကျော်ဆူးနှင့် တွေ့ဆုံမေးမြန်းခြင်း

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ချင်းရိုးရာ အမဲအုပြောင်းဖူးပြုတ်ချက်နည်း

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
မင်းတပ်မြို့ရဲ့မိုးရာသီအလှပုံရိပ်များ(အပိုင်း-၁)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်တို့၏ယုံကြည်ကိုးကွယ်ရာ ဓလေ့ထုံးတမ်းများ

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိ ရခိုင်ဟင်းလျာများ (အပိုင်း-၁)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရှမ်းတောင်ရဲ့မိုးခေါ်ပွဲနှင့် မီးရှူးလွှတ်ရိုးရာ

**ပ (၁၇:၀၀ မှ ၁၉:၀၀)**
သစ်ကြားသီးနှင့် ကျန်းမာရေး

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာ သိကောင်းစရာများ

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
စိတ်ဝင်တစားရိုးရာဓလေ့ထူးခြားချက်များ (ကယားတိုင်းရင်းသားများရဲ့ ကယားလို ငိုးအိရိုး(ခေါ်)တေး

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၁၅ ထာဝရတောင်ကြားစီးရီး(အပိုင်း-၃)
၁၉:၄၅ Sports Max
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၀:၄၅ Festivals Around The World

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'အစ္စရေးနိုင်ငံ'
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သိလျက်နဲ့ထိမ်ချန်မှု'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ'
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဂျာမနီနိုင်ငံ'
၁၁:၃၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၈၂)

### MRTV FARMERS' HD

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၀ စိမ်းလန်းသောဝန်းကျင်နှင့်စားရေရိက္ခာ ဖူလုံဖို့ သီးနှံသစ်တောရောနှောစိုက်ပျိုးစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ Livestock on the Land
၁၉:၁၅ Cork Rooftop Farm
၂၀:၀၀ ညို့(ဇာတ်လမ်း)
၂၂:၀၀ Depature (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
၀၆:၅၀ Sports Diary
၀၇:၄၀ အန္တရာယ်အဆိပ်ဆေးလိပ်
၁၂:၀၀ Carabo Futsal Champion Cup 2025 Gold Dream Vs Royal Volcanoes
၁၇:၀၀ အားကစားသတင်း

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP)နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5µg) နှင့်အောက်သေးငယ်သော အမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆-၃-၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဇူလိုင် ၂ ရက်မှ ၃၁ ရက်အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index–AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် ဇူလိုင် ၂ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့သည် AQI Range 51–100 အတွင်းတွင် ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate)နှင့် ကျန်ရက်များသည် AQI Range 0–50 အတွင်းတွင်ရှိသောကြောင့် ကောင်းမွန်သောအဆင့် (Good) ဖြစ်ကြောင်း တွေ့ရှိရသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဇူလိုင်လအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၂၇ ရက်နှင့် အသင့်အတင့်အဆင့်၌ သုံးရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ**




**လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည် အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေးထိခိုက်မှုမျိုး ကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများ ကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေးထိခိုက်နိုင်ခြေ ပိုများသည်။ |

## မြိတ်မြို့၌ ပင်လယ်ငါးသယံဇာတစီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



မြိတ် ဩဂုတ် ၅

တနင်္သာရီ တိုင်းဒေသကြီး ငါးလုပ်ငန်းကဏ္ဍ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပင်လယ်ငါးသယံဇာတ စီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၃ ရက်က မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက အမှာစကား ပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ပင်လယ်သယံဇာတများကို အသုံးချရေးနှင့် ထိန်းသိမ်းရေးကို ဟန်ချက်ညီစွာ ဆောင်ရွက်ပေးပြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြွယ်ဝချမ်းသာမှုများ ရရှိရေးအတွက် အများပူးပေါင်းပါဝင်မှုဖြင့် စီမံအုပ်ချုပ်သည့် စနစ်တစ်ရပ်ဖြစ်ပေါ်စေရန် သက်ဆိုင်သူအားလုံးက ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလှသန်းက ရေလုပ်ငန်းရှင်များသည် မိမိတိုင်းဒေသကြီးအတွင်းရှိ ရေလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးလာစေရန်၊ လိုအပ်သည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ဒေသအတွင်း ရေလုပ်ငန်းနှင့် ပတ်သက်သည့် အသိပညာရှင်များ၊ လူသားအရင်းအမြစ်များ ပိုမိုများပြားလာစေရန်အတွက် သုတေသနရန်ပုံငွေ ထည့်ဝင်၍ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကာ ဆွေးနွေးပွဲကို စတင်ခဲ့သည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် စာတမ်းရှင် ၁၄ ဦးမှ ပင်လယ်ငါးသယံဇာတစီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းများကို ဖတ်ကြားခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



## မိတ္ထီလာခရိုင် လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မိတ္ထီလာ ဩဂုတ် ၅

မိတ္ထီလာခရိုင်၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ပန်းလေပြေ(ဝန်ဇင်း) ဟိုတယ်ခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးပြောကြား**

ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြသန္တာနှင့် မိတ္ထီလာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနေအောင်တို့က အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အကြောင်းအရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲတွင် မိတ္ထီလာခရိုင် လက်ရှိမြေအသုံးချမှု၊ အသက်အရွယ်အပိုင်းအခြားအလိုက် လူဦးရေများ၊ ပညာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်များ၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်နေလူမှုဘဝအခြေအနေနှင့် ကျေးလက်လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်စီးဆင်းမှုအခြေအနေနှင့် ကုန်စည်ဒိုင်များ၏ အနာဂတ်အလားအလာအပါအဝင် မိတ္ထီလာခရိုင် လူမှုစီးပွားဘဝစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် ၁၃ ခုကို အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် မိတ္ထီလာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူးများ)၊ ပါမောက္ခများက အဖွဲ့များခွဲ၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ရေတာရှည်မြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

ရေတာရှည် ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့၌ အွန်လိုင်းမှတစ်ဆင့် လိမ်လည်မှုတိုက်ဖျက်ရေးနှင့် မူခင်းကျဆင်းရေးဆိုင်ရာ ဥပဒေအသိပညာပေးခြင်းနှင့် ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက အထက(ရေတာရှည်) အောင်ဆန်းခန်းမ၌ ပြုလုပ်သည်။

**အသိပညာပေးဆွေးနွေး**

ဦးစွာ မြို့နယ်ဥပဒေအရာရှိ ဦးလှိုင်မျိုးဝင်းက အွန်လိုင်းအသုံးပြုနေစဉ် မလိုအပ်သောအရာများနှင့် မိမိဖုန်းနံပါတ်နှင့် လျှို့ဝှက်နံပါတ်များကို မသိသူများအား ပေးခြင်းကိုရှောင်ကြဉ်ရန်၊ Facebook၊ Viber၊ Telegram တို့မှ လိမ်လည်စည်းရုံးခေါ်ဆောင်၍ လူကုန်ကူးခြင်း၊ နည်းပေါင်းစုံဖြင့် ငွေကြေးလိမ်လည်ခြင်းများကို သတိပြုရှောင်ရှားနိုင်ရေးနှင့် ငွေကြေးလိမ်လည်မှုများ ကင်းဝေးနိုင်စေရေးတို့အတွက် သတိပြုရမည့်အချက်များကို အသိပညာပေး ဆွေးနွေးဟောပြောသည်။



ဆက်လက်၍ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုနှစ်ခုကို ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးမြို့ စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပစေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပဲခူး ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးမြို့ စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပစေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**လမ်းညွှန်မှာကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် ပဲခူးမြစ်အား ရေစီးရေလာကောင်းမွန်စေရေး ရေထွက်ပေါက်များ ပြန်လည်စိစစ်ရန်၊ ပဲခူးမြစ်ကူးတံတားကြီး၏ ဘေးဝဲယာကျောက်စီခြင်းနှင့် မြစ်ကမ်းထိန်းသစ်ပင်များ စိုက်ပျိုးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့မဈေးကြီး ဥသျှောသီရိဈေးရုံကြီး အပေါ်ထပ်၌ ဖွင့်လှစ်ထားသည့် ပဲခူးမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop(OSS) တွင် ဒေသခံပြည်သူများအား Smart Card ပြုလုပ်ပေးနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး Smart Card ကို အမြန်ဆုံးနှင့် လူဦးရေများများ ပြုလုပ်ပေးနိုင်ရေး



ဝန်ထမ်းအင်အား တိုးချဲ့ထားရှိ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကမ္ဘောဇသာဒီနန်းတော် ဘက်စုံအဆင့်မြှင့်တင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကမ္ဘောဇသာဒီနန်းတော်အဝင်မုခ်ဦးအား ချဲ့၍ ရှေးမူလက်ရာမပျက်မြန်မာမှုများဖြင့် ပြန်လည်ပြင်ဆင်ရန်၊ တူးဖော်ကုန်းများအလိုက် ပြန်လည်ဖော်ထုတ်၍ အများပြည်သူလေ့လာနိုင်ရေးဆောင်ရွက်ရန်၊ နန်းတော်ရာဝင်းအတွင်း ရှေးဟောင်းအဆောက်အအုံများနှင့် လွတ်ကင်းသည့် နေရာများအား မြေယာအလှရှုခင်းများ ဆောင်ရွက်ရန်၊ ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည့် အဆောက်အအုံများ ပြန်လည်ပြင်ဆင်သွားရန်၊ နန်းတော်ရာအတွင်း သန့်ရှင်းသာယာလှပ စိမ်းလန်းစိုပြည်စေရေး၊ ပန်းပေါင်းစုံဖူးပွင့်ဝေဆာစေရေးနှင့် အမှိုက်ကင်းစင်စေရေး အလေးထား ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားပြီး နန်းတော်ရာအလယ်၌ ဘုရင့်နောင်ကျော်ထင်နော်ရထာ မင်းတရားကြီး၏ ပုံတူရုပ်တုတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် ကာလရှည်စွာတည်တံ့စေရေး ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ကန့်ဘလူမြို့နယ်၌ မိုးနေကြာပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းသရုပ်ပြပွဲကျင်းပ



ကန့်ဘလူ ဩဂုတ် ၅

စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့နယ်တွင် မိုးနေကြာပန်းတိုင်အထွက်နှုန်း ရရှိရေး ဂျစ်ပဆန် ထည့်သွင်းခြင်းနှင့် သဘာဝရွက်ဖျန်းအားဆေး အသုံးပြုခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက မြို့ဦးရပ်ကွက် ကွင်းအမှတ်(၃၈၂) တောင်သူ ဦးဝင်းနိုင်ထူး၏ ရေဆင်းစပ်မျိုး နေကြာ(၁) စိုက်ခင်း နှစ်ကေ၌ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၊ ခရိုင်မြေ၊ မျိုး၊ ပိုး တာဝန်ရှိသူများနှင့် မြို့နယ်ဦးစီးမှူးတို့က ဆီထွက်သီးနှံများ ဂျစ်ပဆန်ထည့်သွင်းခြင်းဖြင့် အစေ့အဆန်အောင်ပြီး ဆီထွက်နှုန်းကောင်းမွန်ကြောင်းနှင့် သဘာဝရွက်ဖျန်းအားဆေး အသုံးပြုခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေး ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က ဒေသခံ တောင်သူများအား ဂျစ်ပဆန်၊ သဘာဝရွက်ဖျန်းအားဆေးနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

# လှည်းကူးမြို့နယ်၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် အသိပညာပေး ဆွေးနွေးပွဲ ကျင်းပ

လှည်းကူး ဩဂုတ် ၅

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ်၌ ပြည်သူများ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ပိုမိုအလေးထားစေရန်နှင့် လက်ရှိဖြစ်ပေါ်နေသည့် မီးခိုးမြူငွေ့ညစ်ညမ်းမှု အန္တရာယ်များ အကြောင်းသိရှိစေရန် ရည်ရွယ်၍ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက လှည်းကူးမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



အဆိုပါ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းတို့က မီးခိုးမြူငွေ့ အဓိပ္ပာယ်၊ မီးခိုးမြူငွေ့ ဖြစ်ပေါ်စေသော အကြောင်းရင်းများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုတွင် ပါဝင်သော လေထုညစ်ညမ်းစေသော အရာများ၊ မီးလောင်ကျွမ်းမှုကြောင့်ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုများ၊ မြန်မာနိုင်ငံ မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ အခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ အခြေအနေ၊ လှည်းကူးမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချရေးအတွက် လက်ရှိလုပ်ငန်း ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၈-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၈၀ | ၂၉၉၅ | ၂၉၆၀ | ၂၈၉၅ | ၃၀၀၀ | ၃၀၁၅ | ၃၀၃၅ | ၂၉၅၀ | ၄၅၀၅ | ၃၂၄၅ | ၂၉၇၀ | ၂၉၇၀ | ၃၀၄၀ | ၃၀၀၅ | ၃၀၂၅ | ၃၂၈၅ |
| 95 Ron | ၂၉၃၅ | ၃၀၅၀ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၉၀ | ၃၀၁၀ | ၄၅၆၀ | ၃၃၀၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၅ | ၃၃၄၀ |
| HSD (500 ppm) | ၂၇၁၅ | ၂၈၂၅ | ၂၇၉၅ | ၂၇၂၅ | ၂၈၃၅ | ၂၈၅၀ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၇၅ | ၂၈၀၀ | ၂၈၀၅ | ၂၈၇၀ | ၂၈၃၅ | ၂၈၆၀ | ၃၁၁၅ |
| HSD (50 ppm) | ၃၃၆၀ | ၃၄၇၅ | ၃၄၄၀ | ၃၃၇၅ | ၃၄၈၀ | ၃၄၉၅ | ၃၅၁၀ | ၃၄၃၀ | ၄၈၃၀ | ၃၇၂၅ | ၃၄၅၀ | ၃၄၅၀ | ၃၅၂၀ | ၃၄၈၅ | ၃၅၀၅ | ၃၇၆၅ |
| HSD (10 ppm) | ၃၃၆၀ | ၃၄၇၅ | ၃၄၄၀ | ၃၃၇၅ | ၃၄၈၀ | ၃၄၉၅ | ၃၅၁၀ | ၃၄၃၀ | - | ၃၇၂၅ | ၃၄၅၀ | ၃၄၅၀ | ၃၅၂၀ | ၃၄၈၅ | ၃၅၀၅ | ၃၇၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၅ | ၂၈၀၃ |
| 95 Ron | ၂၇၆၉ | ၂၈၅၈ |
| HSD (500 ppm) | ၂၅၅၂ | ၂၆၃၃ |
| HSD (50 ppm) | ၃၁၇၉ | ၃၂၇၂ |
| HSD (10 ppm) | ၃၁၇၉ | ၃၂၇၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# လင်းခေးမြို့၌ လူငယ်ရေးရာနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကျင်းပ

လင်းခေး ဩဂုတ် ၅

လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက လင်းခေးမြို့ အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမျိုးဆောင်းကျော်က ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လင်းခေးမြို့မရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးဒုတိယရဲမှူးခင်ရွှေက ဆိုင်ကယ်မောင်းနှင်စီးနင်းရာတွင် လမ်းစည်းကမ်းများ လိုက်နာကြရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်၊ ဥပဒေများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

စိုင်းဇော်လတ်(လင်းခေး)

# ရန်ကုန်မြို့သို့ ရေငန်ထွက်ကုန်များ ဝင်ရောက်လျက်ရှိပြီး ပြည်ပပို့ကုန်အဖြစ် အအေးခန်းစက်ရုံများတွင် သိုလှောင်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်မြို့သို့ ရေငန်ထွက်ကုန်များ ဝင်ရောက်လျက်ရှိပြီး ပြည်ပပို့ကုန်အဖြစ် သက်ဆိုင်ရာဆိပ်ကမ်းများမှ အအေးခန်းစက်ရုံများတွင် သိုလှောင်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ငါးဖမ်းစက်လှေအစင်း ၅၀၀ ကျော်ရှိပြီး မုန်တိုင်းကာလ ပင်လယ်ပြင် လှိုင်းလေထန်ချိန်တွင် ငါးဖမ်းစက်လှေများ ကမ်းများ၌ တစ်ပတ်တာ နားခိုခဲ့ကြသော်လည်း လက်ရှိတွင် ပင်လယ်ပြင်၌ ငါးဖမ်းစက်လှေ အစင်း ၃၅၀ ကျော် ငါး/ပုစွန်ဖမ်းဆီးလျက်ရှိကာ ဖမ်းဆီးရမိသည့် ငါး/ပုစွန်များကို ငါးသယ်စက်လှေများဖြင့် ရန်ကုန်မြို့ရှိ ဆိပ်ကမ်း ၁၀ ခုသို့ ပို့ဆောင်ပေးလျက်ရှိသည်။

"လက်ရှိပင်လယ်ပြင်မှာ ရန်ကုန်မြို့က ငါးဖမ်းစက်လှေအစင်း ၃၅၀ ကျော်ရှိနေပြီး ရာသီဥတုပုံမှန်အနေအထား ပြန်ရောက်လာပြီဖြစ်တဲ့အတွက် ဆိပ်ကမ်းတွေကို ငါးသယ်စက်လှေတွေ နေ့စဉ်ဝင်နေပါတယ်။ ရေချိုစားသုံးမှုကနေ ရေငန်ထွက်ကုန်ဝင်ရောက်လာတာဟာ ပြည်တွင်းရေထွက်ကုန်စားသုံးမှုဖူလုံရေးကို အထောက်အပံ့ ဖြစ်စေပါတယ်။ ပြီးတော့ ပြည်ပပို့ကုန်ကဏ္ဍကနေ နိုင်ငံခြားဝင်ငွေလည်း ရရှိစေပါတယ်"ဟု ရန်ကုန်မြို့ ငါးဖမ်းရေယာဉ်စောင့်ကြည့်စစ်ဆေးရေးရုံးမှ ဦးစီးအရာရှိ ဦးတင်ထွန်းက ပြောသည်။



ကြည့်မြင်တိုင်စံပြငါးဈေးဆိပ်ကမ်းသို့ ဝင်ရောက်လာသည့် ပင်လယ်ရေထွက်ကုန်များ။

တရုတ်၊ ထိုင်းနှင့် မလေးရှားနိုင်ငံများသို့ တင်ပို့သည့် ပြည်ပပို့ကုန်အဖြစ် ငါးတံခွန်ကြီး၊ ငါးပါးနီ၊ ငါးကွမ်းရှပ်၊ ငါးသင်းဝါ (ငါးပုတ်သင်)၊ ကကတစ်၊ ငါးရွှေ၊ ငါးမုတ် အဖြူ/အမဲ၊ ငါးသင်ဝါ/ဖြူ၊ ငါးခေါင်းပွ၊ ပြည်ကြီးငါးနှင့် ပုစွန်မျိုးစုံတို့ကို အအေးခန်းစက်ရုံများသို့ တင်ပို့လျက်ရှိသည်။

ထို့ပြင် ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများမှတစ်ဆင့် ပြည်တွင်းစားသုံးမှုအဖြစ် ရွှေပိတောက်ငါးဈေးနှင့် ကြည့်မြင်တိုင်စံပြငါးဈေးတို့ကို ဇာဗျတ် ကြီး/သေး၊ ကုလားငှပေါက်၊ ဝမ်းပူကြီး /သေး၊ ဂျပန်လုံးပေါက်၊ ပင်လယ်ငါးခူကြီး/သေး၊ ငါးရံ့၊ ဒိုးချော၊ ဒယောကြီး၊ ငါးနုပ်၊ ပုလဲလတ်၊ ငါးချဉ်ပေါင်၊ မီးဝါကြီး၊ ပုလဲဝမ်းပူ အပါအဝင် ရေထွက်ကုန် ရာကျော်ဝင်ရောက်နေပြီဖြစ်ကြောင်း သိရသည်။

"ဒီလပထမပတ်မှာ ပင်လယ်ပြင်က ငါးသယ်စက်လှေအကြီးတွေ ဝင်လာတဲ့အတွက် ရေငန်ထွက်ကုန်တွေ ပုံမှန်ဝင်ရောက်လာပြီလို့ ပြောရမှာပါ။ ဒီနေ့လည်း ဝင်လာနေပါတယ်၊ မနက်ဖြန်မှာလည်း ငါးသယ်စက်လှေအကြီးတွေ ငါးမျိုးစုံတင်ဆောင်ပြီး ဝင်လာဖို့ရှိတယ်။ ပြည်တွင်းစားသုံးမှုအပြင် ပြည်ပပို့ကုန်ငါးတွေလည်း ပါလာတာကြောင့် အအေးခန်းစက်ရုံတွေကို ပို့ပြီး ပြည်ပတင်ပို့ကြမှာပါ။ ရေငန်ထွက်ကုန်ဝင်လာတာနဲ့ ဈေးနှုန်းမြင့်နေတဲ့ ရေချိုငါးဈေးနှုန်းလည်း ကျဆင်းလေ့ရှိပါတယ်။ အထူးသဖြင့် ပြည်ပပို့ကုန်အဖြစ် ကုန်ပစ္စည်း ဝင်ရောက်လာတာဟာ နိုင်ငံခြားဝင်ငွေရရှိစေတဲ့အတွက် နိုင်ငံတော်နဲ့ လုပ်ငန်းရှင်အတွက် အကျိုးကျေးဇူးရရှိစေပါတယ်" ဟု ကြည့်မြင်တိုင် အမ်အန်ဂျီဆိပ်ကမ်းမှ ရေထွက်ကုန်လုပ်ငန်းရှင် ဒေါ်တင်နွဲ့က ပြောသည်။

**သတင်း-သစ္စာ(MNA)၊ ဓာတ်ပုံ - ဖွဲ့မာန်**

## Burmese Golf Amateur Open Championship

## ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



Burmese Golf Amateur Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် ကျော်ကိုကိုချစ်၏ ကစားဟန်။

**ရန်ကုန် ဩဂုတ် ၅**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ကြီးမှူး၍ Burmese Golf (BG) ၏ အဓိကကူညီပံ့ပိုးမှုဖြင့် ကျင်းပသော Burmese Golf Amateur Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့အပြီးတွင် ကောင်းထိုက်ဇော်က နှစ်ရက်ပေါင်း ရိုက်ချက် ၁၃၉ ချက်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ချစ်ရင်ထူးက နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၇ ချက်ဖြင့် ဒုတိယ၊ ကျော်ကိုကိုချစ်က စုစုပေါင်း ရိုက်ချက် ၁၄၈ ချက်ဖြင့် တတိယနေရာတို့တွင် ရပ်တည်လျက်ရှိသည်။

ပြိုင်ပွဲတတိယနေ့ကို ဩဂုတ် ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ယခုပြိုင်ပွဲကို ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်း တိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MGF**

## အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၆ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (D) ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၅ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပရာ အိမ်ရှင်မြန်မာ၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် တာ့ခ်မင်နစ္စတန် အသင်းတို့မှ နည်းပြချုပ်များနှင့် အသင်းခေါင်းဆောင်များ တက်ရောက်ကြသည်။

မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းနည်းပြချုပ် ဒေါ်သက်သက်ဝင်းက "ကျွန်တော့်ကို အခွင့်အရေး ထပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါကြောင့်လည်း ကလေးတွေရော၊ ကျွန်တော်တို့ရော စိတ်ပိုင်းဆိုင်ရာ အကောင်းဆုံး ပြုပြင်တည်ဆောက်ပြီးတော့ ပြိုင်ပွဲဝင်သွားမှာပါ။ ယုံကြည်မှုလည်း ရှိပါတယ်။ ကျွန်တော်တို့အသင်းက အကောင်းဆုံးရလဒ်ကို ရယူပြီးတော့ အောင်မြင်မှုရယူနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

တာ့ခ်မင်နစ္စတန် အသင်းနည်းပြချုပ် ဘောရစ်က "မြန်မာ့လက်ရွေးစင် အသင်းကြီးနဲ့ လူငယ်အသင်းက ခြေစွမ်းတောင့်တင်းမှုပိုင်းနဲ့ ကစားပုံသိပ်မကွာဘူးလို့ ယူဆပါတယ်။ ကျွန်တော်တို့အနေနဲ့ စီနီယာအသင်းနဲ့ ရင်ဆိုင်ဖူးတဲ့ အတွေ့အကြုံရှိတာကြောင့် ဒီပွဲမှာ ခံစစ်ပိုင်းကို သေချာပြင်ဆင်ပြီး အာရုံစိုက်ကစားရင် ရလဒ်ကောင်းရယူနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်''ဟု ပြောကြားသည်။

အိန္ဒိယအသင်းနည်းပြချုပ် အလက်ဇန်ဒါဇန်က "ကျွန်တော်တို့အနေနဲ့ ဒီပွဲအတွက် နှစ်လလောက် အချိန်ယူပြင်ဆင်ခဲ့ပါတယ်။ ခြေစစ်ပွဲ အောင်မြင်မယ်လို့လည်း မျှော်လင့်ပါတယ်"ဟု ပြောကြားသည်။

**ယှဉ်ပြိုင်ကစား**

အာရှဖလား ယူ-၂၀ အမျိုးသမီး ခြေစစ်ပွဲ အုပ်စု (D) ပထမနေ့အဖြစ် ဩဂုတ် ၆ ရက် ညနေ ၄ နာရီတွင် အိမ်ရှင်မြန်မာအသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်း၊ ည ၇ နာရီတွင် အိန္ဒိယအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ချစ်ကိုကို**

○ ကျောဖုံးမှ

ယနေ့ (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များတွင် မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဆက်လက်၍ အုပ်စုပတ်လည်ပြိုင်ပွဲများအပြီးတွင် (အမျိုးသား/အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက် ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များတွင် မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

(အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့သည် ဩဂုတ် ၆ ရက်တွင် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို ဩဂုတ် ၇ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၅-၈-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၂၉၀။ | ကွယ်လွန်သူဦးမောင်ကြိုင်နှင့် ဒေါ်သိန်းတင်တို့အား ရည်စူး၍ သမီးဒေါ်ပြုံးပြုံးအိမိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၁၀၂၉၁။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဒေါက်တာရဲထွန်းဝင်းနှင့်ဇနီး ဒေါက်တာလှလှမွန်၊ (သမီး)မဖြူစင်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၁၀၂၉၂။ | ဦးခင်မောင်ဝင်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၂၉၃။ | ဦးသန်းထွန်းနှင့်ဇနီး ဒေါ်တင်ဥမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၂၉၄။ | ဦးအေးစိန်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၂၉၅။ | ဦးတင်ရွှေနှင့်ဇနီး ဒေါ်မြင့်ကြည်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၂၉၆။ | ဦးနေဝန်းနှင့်ဇနီး ဒေါ်ဆွေသင်းလှိုင်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၂၉၇။ | ဒေါက်တာဇော်ဌေးနှင့်ဇနီး ဒေါ်ခင်ထားမေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၉၈။ | ကိုကိုကြီးနှင့်ဇနီး မပြည့်ဖြိုးခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၂၉၉။ | ဦးမျိုးအောင်နှင့်ဇနီး ဒေါ်မြတ်သီတာဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၀။ | ဦးသံချောင်းနှင့်ဇနီး ဒေါ်မြင့်မြင့်ရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၁။ | ဒေါ်အေးအေးမြင့်နှင့် သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၂။ | မိဘနှစ်ပါးအားအမှူးထား၍ ကိုသန့်ဇင်ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၃။ | ဦးမျိုးခင်နှင့်ဇနီးဒေါ်သန်းသန်းဌေး၊ (သား)မောင်ချစ်မျိုးဆက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၄။ | နှစ်ဖက်သောမိဘများအားဦးထိပ်ထား၍ ဦးရဲဝင်းနိုင်နှင့်ဇနီး ဒေါ်သင်းသင်းမြတ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၅။ | ဦးစိုးသက်ထွန်းနှင့်ဇနီး ဒေါ်မိုးမိုးမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၆။ | ဦးဝင်းကိုဦးနှင့်ဇနီး ဒေါ်ဝင်းဝင်းဌေး၊ (သမီး)မမြတ်သွန်းဝတီကိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၇။ | ဦးကြည်မောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၈။ | ဦးဇော်ဇော်အောင်နှင့်ဇနီး ဒေါ်ထက်ထက်၊ (သား)မောင်ကောင်းဇော်ဟိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၀၉။ | ဦးပိုင်ဖြိုးဦးနှင့်ဇနီး ဒေါ်နန်းစိန်ဥမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၀။ | ကိုဝေလျှမ်းမောင်နှင့်ဇနီး မသူဇာနွယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၁။ | ဦးတင်ထွဋ်နှင့်ဇနီး ဒေါ်အောင်ကြည်စန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၂။ | ဦးဝေဇင်ထွန်းနှင့်ဇနီး ဒေါ်မီမီစိုး၊ (သမီး)မပိုင်မီမီဝေ၊ မတင့်နဒီထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၃။ | ဦးလှမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၄။ | ကိုမောင်ဦးနှင့်ဇနီး မမီးငယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၅။ | ဦးအောင်နိုင်နှင့်ဇနီး ဒေါ်ဖြူဖြူခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၆။ | ဒေါ်အိအိဖြိုးဆွေမွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၇။ | ဦးညီလှငယ်ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၈။ | ကိုထက်ခိုင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၁၉။ | ကွယ်လွန်သူဦးတင်ထွန်းအားရည်စူး၍ ဒေါ်ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၂၀။ | ကွယ်လွန်သူဦးမြင့်လွင်အားရည်စူးပြီး မိခင်ဒေါ်ကြည်ကြည်ဦးအားအမှူးထား၍ ဦးအောင်သူဟိန်းနှင့်ဇနီး ဒေါ်သက်သက်ခိုင်၊ (သမီး)မခင်စန္ဒာထွန်း၊ (မြေး)မသင်းသီရိအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၂၁။ | ဦးပြည့်ဖြိုးပိုင်နှင့်ဇနီး ဒေါ်မူမူဝင်းမိသားစုကောင်းမှု | ၇၅၀၀၀ |
| ၁၀၃၂၂။ | ဦးဝင်းမြင့်ဦးနှင့်ဇနီး ဒေါ်တင်တင်ဝင်းမိသားစုကောင်းမှု | ၇၀၀၀၀ |
| ၁၀၃၂၃။ | ဦးသန်းထွန်းနှင့်ဇနီး ဒေါ်မြင့်ဝေ မိသားစုကောင်းမှု | ၆၅၀၀၀ |
| ၁၀၃၂၄။ | ဦးဝင်းမောင်နှင့်ဇနီး ဒေါ်နန်းလိတ်လိတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၂၅။ | ဒေါ်ဇာကြည်ကျော်ကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၂၆။ | ဦးကောင်းဇေယျနှင့်ဇနီး ဒေါက်တာကေခိုင်စုသွယ်၊ (သမီး)မမေမြင့်မိုရ်ကောင်း၊ (သား)မောင်နေဘုန်းဇေယျ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၂၇။ | ဦးကျော်ရဲထွန်းနှင့်ဇနီး ဒေါ်သက်သက်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၂၈။ | ဦးမြင့်စိုးနှင့်ဇနီး ဒေါ်ခင်ကြူ၊ (သား)မောင်စိုးလှိုင်မြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၂၉။ | ဦးတင်အောင်နှင့်ဇနီး ဒေါ်ကြူလှ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၀။ | ကိုသိန်းထွန်းနှင့်ဇနီး မဇာဇာစန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၁။ | ဦးစန်းယုဝင်းနှင့်ဇနီး ဒေါ်ဆုရည်လဲ့ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၂။ | ဦးစန်းအောင်နှင့်ဇနီး ဒေါ်စီဌေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၃။ | ဒေါ်လှလှ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၄။ | ဦးအောင်မြင့်လွင်နှင့်ဇနီး ဒေါ်ဇင်မောင်ဖေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၅။ | ဦးကြင်မောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၆။ | ဒေါ်မြလေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၇။ | ဦးစိုးမြင့်နှင့်ဇနီး ဒေါ်ခင်စောချူးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၈။ | ကိုစိုးမြင့်လေးနှင့်ဇနီး မရည်ရည်လီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၃၉။ | ဒုတိယအရာခံဗိုလ်ညွန့်ဝေနှင့်ဇနီးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၀။ | ကိုအောင်သူနှင့်ဇနီး မယွန်းရွှေရည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၁။ | ဦးထွန်းအောင်ကျော်နှင့်ဇနီး ဒေါ်သက်သက်ထွန်း၊ (သား)မောင်ရဲရင့်ဘုန်းမြတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၂။ | ဦးမင်းဇော်နှင့်ဇနီး ဒေါ်ရင်ရင်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၃။ | ဦးအေးငွေနှင့်ဇနီး ဒေါ်မီမီ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၄။ | ကိုမျိုးသီဟဇော်နှင့်ဇနီး ဒေါ်မေမြတ်နိုးလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၅။ | ကိုလင်းဇော်လင်းနှင့်ဇနီး မအိမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၆။ | ကိုကောင်းထက်စံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၇။ | ဦးမင်းထွဋ်နှင့်ဇနီး ဒေါ်စန္ဒာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၈။ | ဦးဝင်းဆွေနှင့်ဇနီး ဒေါ်နန်းနှင်းဆီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၄၉။ | ဦးမောင်စိန်နှင့်ဇနီး ဒေါ်လဲ့လဲ့စိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၅၀။ | ဦးရဲဝင်းထွန်းနှင့်ဇနီး ဒေါ်ထားထားကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၅၁။ | ဦးစောနိုင်နှင့်ဇနီး ဒေါ်သန်းသန်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၅၂။ | ဒေါ်တင်ကြွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၅၃။ | ကွယ်လွန်သူဦးကျော်ပိုင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၅၄။ | ကွယ်လွန်သူဒေါ်ခင်မြင့်အား ရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

| | | |
|---|---|---|
| (က) | **ဦးကြည်မင်းဟန်** | **၀၉-၆၇၀၇၅၈၈၄၇** |
| (ခ) | **ဒေါ်အေးအေးကြည်** | **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆** |


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်-၆၀၃၊ မြေကွက်တည်နေရာအမှတ်-၆၀၃၊ ဇေယျာသုခလမ်း၊ ၃၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်သန်းတင့်မွန် (AG- 105098) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်- ၆၁/၂၀၂၄ဖြင့် ဒေါ်ခိုင်ခိုင်စိုး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်စန်းစန်းဌေး)၊ ဒေါ်စန်းစန်းဌေးတို့မှ (တရားလို)ပြု၍ ဒေါ်သန်းတင့်မွန်အပေါ် (တရားပြိုင်) ထားကာ 'ပဋိညာဉ်အတိုင်း အိမ်နှင့်မြေမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု'ဖြင့် စွဲဆိုခဲ့ရာ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေရန် တရားလိုတို့ တောင်းဆိုသည့်အတိုင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် (၇-၆-၂၀၂၄)ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်- ၆၆/၂၀၂၄၏ (၂၆-၈-၂၀၂၄)ရက်စွဲပါ အမိန့်နှင့် နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား မြေပုံ မြေရာဇဝင်ကူးယူရန် ဘီလစ်ခန့်အပ်ကြောင်း (၂၇-၈-၂၀၂၄)ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လဲ့လဲ့ခိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့နယ်၊ အ.လ.က(ရေကျော်)မှ ဒေါ်ဇင်နွယ်အေး၏ ဖခင်အမည်မှာ ဦးကြင်(ခ) ဦးကျင် [၁၂/ခရန(နိုင်)၀၃၀၉၀၀]မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကြင်(ခ) ဦးကျင်**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်း ဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့နယ်၊ မူလွန်(ကရင်ကန်)မှ ဦးခင်မောင်ချစ်[၁၂/ခရန(နိုင်)၀၅၀၀၆၀] ၏ မွေးသက္ကရာဇ် အမှန်မှာ (၂-၆-၁၉၆၈) ဖြစ်ပါကြောင်း။

**ဦးခင်မောင်ချစ်**
**[၁၂/ခရန(နိုင်) ၀၅၀၀၆၀]**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ ခရမ်းမြို့နယ်၊ အ.ထ.က(ခွဲ)၊ ကင်မွန်းခြံကျောင်းမှ မသင်းမြတ်မိုး၊ Grade-11 ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ [၇/ကဝန (နိုင်) ၁၆၂၃၆၉] အမှန်ဖြစ်ပါကြောင်း။

**ဦးမြင့်ရွှေ**
**[၇/ကဝန(နိုင်)၁၆၂၃၆၉]**

## အိတ်ဖွင့်တင်ဒါရက် ပြောင်းလဲသတ်မှတ်ခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)မှ ၇-၈-၂၀၂၅ ရက်နေ့တွင် ခေါ်ယူထားသော တင်ဒါအား ၄-၉-၂၀၂၅ ရက်နေ့သို့ ပြောင်းရွှေ့ဖွင့်လှစ်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁၅)ရက်ကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ် သိရှိလိုပါက ဖုန်း ၀၉ - ၂၅၄၂၂၉၉၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂/သဲကျွန်းအနောက်ရပ်၊ မြေဧရိယာ(၀.၁၁၆)ဧက၊ မြေကွက်အမှတ်(ဥသ- ၂၁၅၀)၊ ဒေါ်ရင်ရင်ဥ (ဘ) ဦးဘိုးသောင်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ရင်ရင်ဥ[၁၂/ရကန(နိုင်)၀၄၇၂၂၅] (ဘ) ဦးဘိုးသောင်းမှ ဦးတိုးနိုင်[၁၄/ပသန(နိုင်)၀၁၉၈၇၈](ဘ) ဦးမောင်ဆန်း၏ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့နေ ဦးခင်ဝင်း၊ မှတ်ပုံတင်အမှတ်[၁၀/သဖရ(နိုင်)၀၁၂၆၈၆] ပိုင် ဖြိုးလင်းကျော်၊ ရေယာဉ်မှတ်ပုံတင်အမှတ် [ရညန(မွန်)၃၄၇/၁၆]၏ ရေယာဉ်မှတ်ပုံတင်လက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ မိတ္တူထုတ်ပေးပါရန် ဤရုံးသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့လာရောက် ကန့်ကွက်နိုင်ပါသည်-

**ရညန ၊ မော်လမြိုင်မြို့**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ်(၅/မြိုင်သာယာ)၊ ဦးပိုင်အမှတ်(၆၀)၊ ဧရိယာ(၀.၁၉၃)ဧကေအနက် (B) အမှတ်ပြ ဧရိယာ(၀.၀၉၇)ဧကရှိမြေအား နှစ်ရှည်မြေငှားဂရန် ခွဲစိတ်သက်တမ်းတိုး အမည်ပြောင်းချထားပေးပါရန် မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်နေ နော်ဒေးမူးဖောမှ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ လျှောက်မြေသည် မြို့နယ်မြေစာရင်းဦးစီးဌာန၏ (၁-က)စာရင်းတွင် မော်လမြိုင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေခွန်တော်အမှုတွဲအမှတ်(V)၆၂၂/၁၉၉၁- ၁၉၉၂ အရ ဦးစောမြင့်သောင်းနှင့် ဒေါ်နော်သိန်းတို့(၂)ဦး အမည်ဖြင့် နှစ်(၃၀)အငှားဂရန် ရရှိထားပြီး ဂရန်သက်တမ်းမှာ (၂၁-၅-၂၀၂၂)ရက်နေ့တွင် ကုန်ဆုံးခဲ့ပြီးဖြစ်ပါသည်။ မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးစောမြင့်သောင်းသည် (၂၄-၇-၁၉၉၇) ရက်နေ့တွင် ကွယ်လွန်သွားသည့်အတွက် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်နော်သိန်းမှ မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ကတိသစ္စာပြုလွှာအမှတ်-၁၂၀/၂၀၂၄ အရ ကတိသစ္စာပြုခဲ့ပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် - ၁၂၃/၂၀၂၄ အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်လာပြီး ဒေါ်နော်သိန်း၏ ကိုယ်စားဆောင်ရွက်နိုင်ရန်အတွက် မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၃၁/၂၀၂၃ ရရှိထားသူ ဒေါ်နော်လိုဖောမှ ကိုယ်စားပြုလက်မှတ်ရေးထိုးထားပါသည်။ ဒေါ်နော်သိန်းသည် (၂၂-၄-၂၀၂၄)ရက်နေ့တွင် ကွယ်လွန်ခဲ့ရာ ဦးစောမြင့်သောင်းနှင့်ဒေါ်နော်သိန်းတို့တွင် သားသမီးထွန်းကားခြင်းမရှိဘဲ ဦးစောမြင့်သောင်းတွင် ညီအရင်းဖြစ်သူ ဦးစောသာထွန်းနှင့် ဒေါ်နော်သိန်းတွင် တူမဖြစ်သူ နော်ဒေးမူးဖော တို့ကျန်ရစ်ခဲ့ပြီး ၎င်းတို့(၂)ဦးမှ ဧရိယာ(၀.၁၉၃)ဧကရှိမြေကို မော်လမြိုင်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ကတိသစ္စာပြုလွှာအမှတ် - ၄၇၈/၂၀၂၄ အရ ကတိသစ္စာပြုခဲ့ပြီး အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ်-၄၇၉/၂၀၂၄ အရ တရားဝင်အမွေ ဆက်ခံပိုင်ဆိုင်လာပြီး ဦးစောသာထွန်းမှ နော်ဒေးမူးဖောအား မော်လမြိုင်မြို့နယ်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အပြီးအပိုင်စွန့်လွှတ်ခြင်းကတိစာချုပ်အမှတ်-၄၉၉/၂၀၂၄ အရ ဧရိယာ(၀.၁၉၃) ဧကေအနက် (B)အမှတ်ပြ ဧရိယာ(၀.၀၉၇)ဧကရှိမြေကို တရားဝင်စွန့်လွှတ် ပေးအပ်ခဲ့သဖြင့် နော်ဒေးမူးဖောမှ တရားဝင်ပိုင်ဆိုင်လာပြီး နှစ်ရှည်မြေငှားဂရန် ခွဲစိတ်သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားလာမှုအပေါ် ဦးစောမြင့်သောင်းနှင့် ဒေါ်နော်သိန်းတို့၏ မောင်နှမများနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်နေ့ရက်မှစတင်၍ (၁၅)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ဤရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည်အထိ တင်ပြချက် တစ်စုံတစ်ရာမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင် - မော်လမြိုင်မြို့**

## အမည်ပြောင်း

တပ်ကုန်းမြို့နယ်၊ အထက(၁) Grade-8(A)မှ မစန်းတင် အား ယနေ့မှစ၍ မဆုစန္ဒီဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဆုစန္ဒီ**

## အမည်ပြောင်း

တပ်ကုန်းမြို့နယ်၊ အထက(၁) Grade-8(A)မှ မစန်းရင် အား ယနေ့မှစ၍ မဆုဟန်နီဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဆုဟန်နီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၆)၊ ဒီဇင်ဘာဥယျာဉ် အိမ်ရာဝင်းအတွင်း တည်ရှိသောမြေကွက်အမှတ် (၁၅၀)၊ အကျယ်အဝန်း - (အလျား၅၀ ပေ x အနံ၁၀၀ပေ) ဦးသက်လွင် အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်၊ စားပင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်သူထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူထားသော ဒေါ်စူးအားရှန်း [၁၃/ကခန(နိုင်) ၁၃၉၁၂၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန် အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း ( LL.B , D.B.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၀၃)**
**ရုံးခန်း (၅) ၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉) ၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈)၊ လှုနေရပ်ကွက်အမှတ်-(သမိုင်း)၊ မြေကွက်အမှတ် - ၁က^၁၊ ဧရိယာ (၀. ၁၉၅) ဧက အနက်မှ တရားဝင်ခွဲစိတ်ထားခြင်းမရှိသေးသော အကျယ်အဝန်းဧရိယာ -(၈၁ပေ/၈၅ပေx ၅၉ပေ/၄၁ပေ) ရှိB မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၀၆-အေ)၊ အေးရိပ်ငြိမ်လမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အိမ်အပါအဝင် သီးပင်၊စားပင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် (၁၅၇၆/၁၉၉၅) ဖြင့် ဒေါ်ဝင်းရီက ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံခွင့်ရှိသူများဖြစ်ကြသော ဦးမင်းမင်းဦး [၇/တငန (နိုင်) ၀၄၁၈၄၈]၊ ဒေါ်မေကြည်ပြာဦး [၇/တငန(နိုင်)၁၁၂၃၄၆] နှင့် ဒေါ်မေလဲ့ဝါဦး [၇/တငန(နိုင်)၁၅၁၂၃၄] ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်း အဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန် အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့ မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အဆိုပါအရောင်း အဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း ( LL.B , D.B.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၀၃)**
**ရုံးခန်း (၅) ၊ ပထမထပ် Strand Condominium ၊ အမှတ် (၃၃/၄၉) ၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၅၀၀ ၃၉၂၁၀၊ ၀၉-၅၀ ၃၄၆၅၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ အောင်ချမ်းသာလမ်း၊ မြေကွက်အမှတ်(၇၇၈)၊ (၀.၀၅၇)ဧက အကျယ်အဝန်းရှိ ဦးခင်ဇော်[၁၂/မဂတ(နိုင်)၀၂၈၁၁၄]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကိုအရပ်အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်(SP-၉၉၂၁/၂၀၂၃)ဖြင့် ပိုင်ဆိုင်သူများဖြစ်သော(၁)ဒေါ်စန္ဒာမြင့် [၁၂/အစန(နိုင်)၀၇၈၇၀၃]၊ (၂)ဒေါ်အေးမြတ်မွန်[၁၂/တမန(နိုင်)၁၀၉၅၇၀]တို့မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါကခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,09-983837110** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ ကျွန်းရွှေမြိုင်(၃)လမ်း၊ မြေကွက်အမှတ်(၁၇၁၅/ခ)၊ (အလျား၂၀ပေx အနံ၆၀ပေ)အကျယ်အဝန်းရှိ ဦးကနေဆာ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့်လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ (၁) ဦးလှငွေး[၁၂/မဂတ(နိုင်)၀၄၆၈၂၈]၊ (၂)ဒေါ်စိုးစိုးမြင့်[၁၂/မဂတ(နိုင်)၀၄၆၄၀၅] တို့မှဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြု ပြောဆိုလာရာကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါကခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,09-983837110** |

## အမည်ပြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ သာယာအေး(၁)လမ်း၊ အမှတ်(၁၃၆၇/က)နေ ဦးဇေယျာဖြိုးဝင်း [၁၄/မမန(နိုင်) ၁၃၇၄၅၃]၏ သမီး WINNERS' ACADEMY ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 ကျောင်းသူ မခွန်းချိုသံသာ [၈/မကန (နိုင်) ၃၂၄၈၁၇]အား မချစ်ခွန်းချိုဟု ပြောင်းလဲခေါ်ပါရန်။

## သွေးသည် အသက်

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ထိန်ကုန်းကျေးရွာ၊ ၁၂မီတာလမ်း၊ ရန်ကုန်(တောင်ပိုင်း)ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ယာယီမြေပေးမိန့်အမှတ်(၁၃၇၁/၂၀၂၀)တွင် ဒေါ်ခင်သက်ဆွေ အမည်ဖြင့် ပြန်လည်ချထားသည့် အုပ်စု( RA-1)၊ အကွက်အမှတ်(တ-၀၂)၊ မြေကွက်အမှတ်(၁၃၆၅) အလျား (၄၀ ')x အနံ (၆၀')နှင့် မြေကွက်အမှတ် (၁၃၆၆) ၊ အလျား (၄၀ ') xအနံ (၆၀ ') ၊ မြေ(၂)ကွက်နှင့်မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမှုအခင်းအရှုပ်အရှင်း ကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုရှိသူ ဒေါ်ခင်သက်ဆွေ (ဘ) ဦးကျင်ငွေ [၁၂/တတန(နိုင်)၁၇၁၃၇၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ-ဦးစိန်မြင့်မောင် ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဥ္ဇူအေးသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၅၇)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့။ဖုန်း-၀၉-၅၀၄၁၄၈၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/မြို့မမြောက်ရပ်၊ မြေဧရိယာ(၀.၀၈၂)ဧကရှိ မြေကွက်အမှတ်(ပ-၄၈၈)ကို အမည်ပေါက် ဒေါ်ညိမ်း(ခ)သက်သက်၊ (ဘ)ဦးထွန်းကြည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၉/ပမန(နိုင်)၁၇၀၈၈၁]မှ ဦးတိုးလှိုင် (ဘ) ဦးအုန်းရွှေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ [၁၂/မဘန(နိုင်)၀၀၂၁၈၇]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ သဇင်မြိုင်လမ်း၊ မြေကွက်အမှတ်(၅၈၅)၊ အကျယ်အဝန်း(၄၀x၆၀)ပေအနက်မှ တရားဝင်မခွဲမစိတ် ရသေးသော အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဂရန်မူရင်း (မြေကွက်အမှတ် ၅၈၆ နှင့်ကပ်လျက်ဘက်အခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ထံမှအရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ပြုံးသင်း [ ၉/ မခန(နိုင်)၀၀၂၅၈၁ ] မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်ဝင်းဝင်းဆွေ [ ၁၂/ရကန(နိုင်)၁၁၃၈၉၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုး ငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်က န့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။ **(လွှဲအပ်ညွှန်ကြားချက်အရ)**

**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၅၈)**
**အမှတ်(၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၀၆၅၂၇၃**
